# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ခူးလဆန်း (၁၂) ရက် ၊ စနေနေ့ ၊ (1-4-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၃၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ပုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။

**နေပြည်တော် မတ် ၃၁**

ရခိုင်ပြည်နယ် စစ်တွေမြို့ ကျောက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ပုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မင်းပြားမြို့ ပရိယတ္တိဓမ္မိကာရာမ စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုက္ကန္ဒာစရိယ မင်းပြားဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊သံဃာတော်အရှင်သူမြတ်များကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်
အယ်ဒီတာ့အာဘော်

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ စတင်အာဏာတည် နိုင်ငံတော်၏စီးပွားရေး ဆက်၍ဖွံ့ဖြိုးဝေစည်

ယနေ့ ဧပြီ (၁)ရက်နေ့မှစတင်ကာ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအာဏာတည်ပြီဖြစ်သည်။ ၂၀၁၉ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃)ဖြင့် ပြဋ္ဌာန်းခဲ့သော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်အာဏာတည်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် မတ် ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၃ ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အတည်ပြုလက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။

ဈေးကွက်အတွင်း၌ ပြည်တွင်း၊ ပြည်ပမှ ထုတ်လုပ်၊ တင်သွင်းသော စားသောက်ကုန်များ၊ ဆေးဝါး၊ လျှပ်စစ်ပစ္စည်း၊ လူသုံးကုန်များသည် ကုန်အမှတ်တံဆိပ်အမျိုးမျိုးဖြင့် ရောင်းချလျက်ရှိပေသည်။ ထိုသို့ရောင်းချကြရာတွင် ပစ္စည်းအမျိုးအစားချင်းတူပါလျက် စားသုံးသူယုံကြည်ကျေနပ်မှုရှိသော ကုန်အမှတ်တံဆိပ်နှင့်ကုန်ပစ္စည်းများက ပိုမိုရောင်းအား၊ ဝယ်အား ကောင်းမွန်နေသည်မှာ ကုန်အမှတ်တံဆိပ်တစ်ခု၏ အရေးပါအရာရောက်မှု၊ နာမည်ကျော်ကြားလျှင် ကျော်ကြားသလောက် ဈေးကွက်တန်ဖိုးကြီးမားမှုကို သိရှိနိုင်သည်။

ကုန်အမှတ်တံဆိပ်ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ကုန်ပစ္စည်းများကို အခြားသောလုပ်ငန်းများ၏ ကုန်ပစ္စည်းများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကိုဆိုသည်ဟု ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(၄)တွင်ပြဋ္ဌာန်းထားသည်။ ဈေးကွက်အတွင်း စားသုံးသူယုံကြည်လက်ခံသော မိမိကုန်စည်၏အမှတ်တံဆိပ်အတွက် အချိန်များ၊ ငွေကြေးအရင်းအနှီးများ၊ကာယ၊ဉာဏစွမ်းအားများ များစွာရင်းနှီးမြှုပ်နှံထားရသဖြင့် ပိုင်ဆိုင်မှု၊ ခိုင်မာမှုရှိစေရေးအတွက် ကုန်အမှတ်တံဆိပ်များကို မူပိုင်ခွင့်မှတ်ပုံတင်ခြင်းများ မဖြစ်မနေဆောင်ရွက်ရပါမည်။ ထိုမှသာ ဆင်တူယိုးမှား၊ အတုအပပြုလုပ်ထားသည့်ပစ္စည်း၊ စီးပွားရေးကျင့်ဝတ်နှင့်မညီသော ယှဉ်ပြိုင်မှုများကို ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေသည် အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ အမှတ်တံဆိပ်ပိုင်ရှင်နှင့် အခွင့်အရေးရရှိသူတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရန်၊ အမှတ်တံဆိပ်တုပမှုနှင့် ကုန်ပစ္စည်းအတုများ ဈေးကွက်သို့ဝင်ရောက်လာမှုကို ဟန့်တားနိုင်ခြင်းအားဖြင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို တည်ဆောက်ရန်နှင့်အများပြည်သူအတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးနိုင်ရန်၊ ဒေသဆိုင်ရာအညွှန်းကို အကာအကွယ်ပေးခြင်းအားဖြင့် နိုင်ငံတော်မှ ထွက်ရှိသော ဒေသထုတ်ကုန်များ၏ အရည်အသွေးများကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ခြင်းဖြင့် ဒေသတွင်းရှိပြည်သူများ၏ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ဟူသော ရည်ရွယ်ချက်ကောင်းများဖြင့် နိုင်ငံတကာကုန်အမှတ်တံဆိပ်ဆိုင်ရာ သတ်မှတ်ချက်များနှင့်ချိန်ထိုးကာရေးဆွဲ၍ ပြဋ္ဌာန်းခဲ့သောဥပဒေတစ်ရပ်ဖြစ်သည်။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၏ အကျိုးကျေးဇူးကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်အထောက်အကူပြုနိုင်ရုံသာမက ကမ္ဘာကြည့် ကြည့်မြင်ကာ မြန်မာ့ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ခိုင်ခိုင်မာမာထိုးဖောက်ဝင်ရောက်နိုင်တော့မည်ဖြစ်ပါကြောင်း မှဒီတာပွားရေးသားလိုက်ရပေသည်။

# မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်နှင့် အခြားမြို့များသို့ ဘိလပ်မြေသီးသန့်တင်ပို့သည့်သင်္ဘောအစီးရေ များပြားလာ



**မန္တလေး မတ် ၃၁**

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်နှင့်အခြားမြို့များသို့ ဘိလပ်မြေ သီးသန့်တင်ပို့သည့် သင်္ဘောအစီးရေ များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလတွင် ရေလမ်းကြောင်း ပြောင်းလဲမှုများရှိသော်လည်း သင်္ဘောများသွားလာရာတွင် အဆင်ပြေလျက်ရှိကြောင်း၊ ယခုလတ်တလော ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်၊ ထီးချိုင့်၊ ကသာ စသည့်မြို့များသို့ ဘိလပ်မြေသီးသန့်တင်ပို့သည့် သင်္ဘောအစီးရေ များပြားလာကြောင်း သိရသည်။

"ရွှေကြက်ယက်ဆိပ်ကမ်းမှာ မတ်လ တတိယပတ်ကနေစပြီးတော့ ဘိလပ်မြေရရှိမှုက အားကောင်းလာတယ်။ ဒါကြောင့် ရွှေကြက်ယက်ဆိပ်ကမ်းကနေ ရန်ကုန်နဲ့ အခြားမြို့တွေကို ဘိလပ်မြေသီးသန့်တင်ပို့မှုတော်တော်လေး ပြန်များလာတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်၊ ထီးချိုင့်၊ ကသာနှင့်အခြားမြို့များသို့ ဘိလပ်မြေသီးသန့်တင်ပို့သည့် သင်္ဘောအစီးရေမှာ မတ်လတတိယပတ်က အစီးရေ ၄၀ ကျော်သာ ရှိခဲ့သော်လည်း မတ်လ နောက်ဆုံးပတ်မှစ၍ ဘိလပ်မြေ သီးသန့်တင်ပို့သည့် သင်္ဘောအစီးရေ ၇၀ ကျော်ထိရှိလာကြောင်း သိရသည်။

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်အပါအဝင် အခြားမြို့များသို့ ဘိလပ်မြေ၊ ကျောက်စရစ် စသည့်ကုန်ကြမ်းများတင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ စုစုပေါင်း ၃၀၀ ကျော်ထိရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး မတ် ၃၁**

အရောင်းအဝယ်အေးနေသော မန္တလေး မြေဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံသူအသစ်များ ဝင်ရောက်လာပြီး အငှားဈေးကွက်လည်း ပို၍များလာကာ မြို့တွင်းပိုင်း အချက်အချာကျသည့် နေရာများ ငှားရမ်းလိုမှု ပို၍မြင့်တက်နေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

ငှားရမ်းမှုများတွင် လူနေထိုင်ရန်၊ ဆိုင်ခန်းဖွင့်လှစ်ရန်ကောင်းမွန်သည့် အဓိကလမ်းမကြီးများနှင့် လူစည်ကားရာ ရပ်ကွက်များတွင် ငှားရမ်းလိုမှု အများဆုံးဖြစ်နေပြီး ဈေးဆိုင်များ၊ ရုံးခန်းများဖွင့်လှစ်ကြရန်နှင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် မြေနေရာအကျယ်အဝန်း လုံလောက်စွာရှိသောနေရာများ ပို၍ အငှားဖြစ်နေကြောင်း သိရသည်။

"အငှားဘက် ပိုဖြစ်လာတယ်လို့ ပြောလို့ရတယ်။ ဈေးနှုန်းတွေလဲ မြင့်လာတယ်။ မြို့တွင်းပိုင်းလမ်းမကြီးတွေနဲ့ အချက်အချာကျတဲ့ နေရာတွေ ပိုရှာခိုင်းတယ်။ စီးပွားရေးသမားတွေတော့ မဟုတ်ပေမဲ့ တစ်နိုင်တစ်ပိုင် ဆိုင်ဖွင့်ကြမဲ့သူမျိုးတွေများတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းက ပြောပြသည်။

ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ခုနစ်သောင်းမှ ငါးသိန်းခန့်ထိရှိနေပြီး တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ခန့်ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှုအများဆုံးဖြစ်ကြောင်း သိရသည်။

ဈေးကွက်တစ်ခုလုံးအနေဖြင့် အေးနေသော်လည်း အရောင်းအဝယ်လိုက်နေသည့် ကျေးရွာမြေကွက်များလည်းရှိကြောင်း၊ ကျေးရွာမြေကွက်များအနေဖြင့် မြစ်ငယ်၊ အမရပူရမြို့နယ်အရှေ့ခြမ်းရှိ ကျေးရွာမြေများ၊ စဉ့်ကိုင်အနီးရှိ ကျေးရွာမြေများနှင့် ပုသိမ်ကြီးမြို့အနီးရှိ ကျေးရွာမြေများ အရောင်းအဝယ်လိုက်နေကြောင်း သိရသည်။

အဆိုပါ ကျေးရွာများအနက် အကွက်ရိုက်မြေကွက်များမှာ မြေတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းပေးချေကာ ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ပေးချေရသဖြင့် ပို၍ဝယ်ယူမှုများကြောင်း၊ ချမ်းမြသာစည်မြို့နယ်အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ်အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများလည်း အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်ဈေးရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းက ပြောပြ၍ သိရသည်။ (၁၇၃)

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ရပ်ကွက်များတွင် မီးဘေးကာကွယ်ရေးလှုံ့ဆော်ခြင်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေ

**မန္တလေး မတ် ၃၁**

ရာသီဥတု ပူပြင်းလာပြီဖြစ်သည့်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ရပ်ကွက်များတွင် မီးဘေးကာကွယ်ရေးလှုံ့ဆော်ခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ပြောပြ၍ သိရသည်။

ရာသီဥတု ပူပြင်းလာပြီဖြစ်သည့်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း မီးဘေးကာကွယ်ရေးလှုံ့ဆော်ခြင်းလုပ်ငန်းများအနေဖြင့် မြို့နယ်၊ ရပ်ကွက်များအလိုက် မီးသတ်ယာဉ်များဖြင့် လှည့်လည်ပြီး မီးသတိပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မီးဘေးစိုးရိမ်ရသည့် စက်ရုံ၊ အလုပ်ရုံများ၊ သိုလှောင်ရုံများ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် အခြားလုပ်ငန်းများကို မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်း၊ ပညာပေးခြင်းလုပ်ငန်းများနှင့် မီးသတိပေးလှုံ့ဆော်ခြင်းလုပ်ငန်းများကို ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်အတွက် အဓိကထားပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြောင်း သိရသည်။

"ရာသီဥတုပူပြင်းလာတာဖြစ်တဲ့အတွက် မီးဘေးလှုံ့ဆော်ရေးလုပ်ငန်းတွေကို မီးသတ်ယာဉ်နဲ့လှည့်လည်ပြီးတော့ မီးသတိပေးတာတွေ ဆောင်ရွက်နေပါတယ်။ အခုဆိုရင် အများပြည်သူတွေ ထင်သာမြင်သာရှိတဲ့ လမ်းဆုံလမ်းခွတွေမှာ မီးသတ်ရုံးတွေကို ဆက်သွယ်ရမဲ့ အရေးပေါ်ဖုန်းနံပါတ်တွေကို ဗီနိုင်းတွေနဲ့ ချိတ်ဆွဲထားပါတယ်။ ဒါ့ပြင် ရပ်ကွက်တွေထဲကို တစ်အိမ်တက်ဆင်း စစ်ဆေးတယ်။ လက်ကမ်းစာစောင်တွေ ဖြန့်ဝေတယ်။ လေပြင်းတိုက်ခတ်လာရင်လဲ လှုံ့ဆော်တာတွေကို ဆောင်ရွက်ပါတယ်"ဟု ဦးဇော်ဝင်းထွန်းက ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁ဖ၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းဘူးမြို့နယ် တောင်မန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မင်းဘူး မတ် ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ တောင်မန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မတ် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ရှိသူများက ကော်မတီဝင်များနှင့်အတူ တောင်မန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ဖြင့် ဆောင်ရွက်ထားသော အစုအဖွဲ့နွားမွေးမြူရေးလုပ်ငန်း၊ ဆိတ်မွေးမြူရေးလုပ်ငန်းများနှင့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တောင်မန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ကို အစုအဖွဲ့ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း နွားမွေးမြူမည့် ရောင်နီဦး၊ အလင်းရောင်၊ ခရေအဖွဲ့သုံးဖွဲ့နှင့် ဆိတ်မွေးမြူမည့် စန်းသော်တာ၊ မိဘမေတ္တာအဖွဲ့နှစ်ဖွဲ့၊ စုစုပေါင်းအစုအဖွဲ့ငါးဖွဲ့ကို RBF စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၃၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၁၀၀ စုစုပေါင်းငွေကျပ်သိန်း ၄၀၀ ကို တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၈၀ စီဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

**ဇင်မာ**

# ကလောမြို့နယ် တောင်ကုန်းဈေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကလော မတ် ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းမထိကျေးရွာအုပ်စု တောင်ကုန်းဈေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို မတ် ၃၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်ကုန်းဈေးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၃ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရှိုသန်းညွန့်**

# ကျိုက်လတ်မြို့နယ်တွင် ရေချိုငါးသလောက်တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀၀ ထိဈေးကောင်းရရှိ



**ကျိုက်လတ် မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ရေချိုငါးသလောက် တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ငွေငွေရီက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ရေချိုငါးသလောက်ထွက်ရှိပြီး ပြီးခဲ့သည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းက ရေချိုငါးသလောက် တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀၀ မှ ၄၂၀၀၀ ထိသာ ဈေးရှိခဲ့ပြီး မတ် ၁ ရက်မှ ယနေ့ထိ ရေချိုငါးသလောက် တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါဒေသထွက် ရေချိုငါးသလောက်များကို ပြည်တွင်းဟိုတယ်နှင့်စားသောက်ဆိုင်များ၊ စူပါမားကတ်များက အများဆုံး ဝယ်ယူနေခြင်းကြောင့် ဈေးကောင်းရရှိလာခြင်းဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ငါးသလောက်က လတ်ဆတ်မှုနဲ့အရွယ်အစားအပေါ် မူတည်ပြီး ဈေးကောင်းရရှိနေပါတယ်။ အရောင်းအဝယ်ကလဲသွက်နေပါတယ်။ လက်ရှိ ငါးသလောက်တစ်ပိဿာ ငွေကျပ် ၅၈၀၀၀ ထိ ဈေးကောင်းရရှိနေပါတယ်။ ဝယ်ယူမှုအားကောင်းလာသလို ဈေးကောင်းလဲ ရနေတာဖြစ်ပါတယ်။ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်လိုအားကောင်းနေပါတယ်။ အခုလို ဈေးကောင်းရတော့ ရေလုပ်သားတွေလဲ အဆင်ပြေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ငွေငွေရီက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ရေချိုငါးသလောက်များကို ပုသိမ်မြို့၊ ကျိုက်လတ်မြို့ဈေးကွက်အပြင် ရန်ကုန်နှင့်နေပြည်တော်ဈေးကွက်တို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးသလောက်ဈေးကောင်းသော်လည်း ရောင်းအားလျော့ကျခြင်းမရှိဘဲ ငါးသလောက်ပိဿာချိန် ၁၂၀၀ မှ ၂၅၀၀ ထိ နေ့စဉ်တင်ပို့ရောင်းချနေရကြောင်း ဒေါ်ငွေငွေရီက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဝက်လက်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၈၅၀၀ စိုက်ပျိုးပြီးစီး

**ဝက်လက် မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၈၅၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၁၁၇၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေစပါးဧက ၈၅၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေစပါးဧက ၃၀၀၀၀ ကျော်စိုက်ဖို့လျာထားတယ်။ ဒီနေ့ထိ နွေစပါးဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီ။ နွေစပါးဧကလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေတယ်။ စိုက်နည်းစနစ်တွေ၊ အထွက်နှုန်းကောင်းတဲ့မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် နွေစပါးစိုက်ပျိုးတောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနိုင်ရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ကျောက်တော်မြို့နယ် ဘရဝါကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျောက်တော် မတ် ၃၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ဘရဝါကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်၊ ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်၊ ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဘရဝါကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်က ရေရရှိရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ကျေးရွာမှတာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ကျောက်တော်မြို့နယ် ဘရဝါကျေးရွာ၌ အလျား ပေ ၁၀၀၊ အနံ ပေ ၁၀၀၊ အနက် ခြောက်ပေရှိ မြေသားရေကန်တူးဖော်ခြင်းနှင့် အရှည် ပေ ၆၀၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၈၄၅ သန်းဖြင့် Seven Technology ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် ဇူလိုင် ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဘရဝါကျေးရွာရှိ အိမ် ၁၇၁ အိမ်၊ လူ ၈၃၃ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်က ပြောပြ၍ သိရသည်။

**ကိုသန်း**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ( ၄၅)

**ကြည်လွင်မြင့် (မုံရွာ)**



**ပြည်ပန်းညို**

အင်္ဂလိပ်အမည် - မရှိ

မျိုးရင်း - Caesalpiniaceae (စိန်ပန်းမျိုးရင်း)

ရုက္ခဗေဒအမည် - Cassia glauca Lam.

**အဓိကဆေးဖက်ဝင်ပုံ**

ပြည်ပန်းညိုသည် ချောင်းဆိုး၊ အသံဝင်၊ အသံပျက်၊ လည်ချောင်းနာ၊ ဆီးပူ၊ ဆီးအောင့်ရောဂါ၊ ညောင်းကျရောဂါ၊ လေထိုးလေအောင့်ရောဂါ၊ လေလုံးရောဂါ၊ အဖျားရောဂါ၊ သွေးဝမ်းရောဂါ၊ ဆီးချိုရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက်ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အရွက်၊ အခေါက်၊ အမြစ်။

**အပင်ပုံသဏ္ဌာန်**

အပင်။ ။ ပြည်ပန်းညိုပင်သည် အပင်ငယ်မျိုးဖြစ်သည်။ အမြင့် ၁၀ ပေကျော်ထိရှိသည်။ အကိုင်းအခက်များ၍ အစိမ်းရောင်တောက်ပြောင်သောအရောင်ရှိသည်။

❖ ဆီးအောင့်ရောဂါနှင့် ဆီးပူညောင်းကျရောဂါများဖြစ်လျှင် ပြည်ပန်းညိုရွက်ကိုကြိတ်၍ ညှစ်ယူပြီး ရသောသတ္တုရည်ကို နို့ရည်၊ သကြားတို့နှင့် ရောသောက်လျှင် ဆီးအောင့်ရောဂါနှင့် ဆီးပူညောင်းကျရောဂါများ ပျောက်ကင်းစေနိုင်သည်။ ❖

အရွက်။ ။ ပြည်ပန်းညိုရွက်သည် ရွက်ပေါင်းဖြစ်ပြီး ရွက်လွှဲထွက်သည်။ ငါးလက်မမှ ကိုးလက်မထိရှည်သည်။ ရွက်မြွှာများရွက်ဆိုင်ထွက်ပြီး ထိပ်ဝိုင်းသည်။ ရွက်ပြားချော၍ ရွက်နားညီသည်။ သေးငယ်သော ရွက်စွယ်ပါရှိသည်။

အပွင့်။ ။ အပွင့်ကြီးသည်။ တောက်ပသော အဝါရောင်ရှိသည်။ ဝါဆိုလနှင့် ဝါခေါင်လတွင်ပွင့်သည်။

အသီး။ ။ အသီးသည် သီးတောင့်ရှည်မျိုးဖြစ်ပြီး ခြောက်လက်မမှ ရှစ်လက်မထိရှည်သည်။ ပြား၍ပါးလှပ်ပြီး ပြောင်ချောသည်။ အစေ့ ၂၀ မှ ၃၀ ထိပါရှိသည်။ တော်သလင်းလမှ တန်ဆောင်မုန်းလအတွင်း သီးသည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ ပြည်ပန်းညိုသည် အေး၏။ အရသာဖန်ခါး၏။ ဆီးကိုများစေ၍ ညောင်းကျရောဂါကို ပျောက်ကင်းစေနိုင်သည်။

**ပြည်ပန်းညို၏ဂုဏ်နှင့်စွမ်းရည်**

ပြည်ပန်းညို၏ အရွက်ကိုကြိတ်၍ နို့ရည်၊ သကြားတို့နှင့်သောက်လျှင် ဆီးအောင့်ရောဂါ၊ ပြည်တုလာသရောနာ (ဆီးတွင် ပြည်ပါသောရောဂါ) တို့ကိုပျောက်ကင်းစေတတ်၏။ ပြည်ပန်းညိုရွက်နှင့်အခေါက်ကို ဆီးချိုရောဂါနှင့် ပြည်တုလာသရောနာတို့၌ အသုံးပြုရ၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ဆီးအောင့်ရောဂါနှင့် ဆီးပူညောင်းကျရောဂါများဖြစ်လျှင် ပြည်ပန်းညိုရွက်ကိုကြိတ်၍ ညှစ်ယူပြီး ရသောသတ္တုရည်ကို နို့ရည်၊ သကြားတို့နှင့် ရောသောက်လျှင် ဆီးအောင့်ရောဂါနှင့် ဆီးပူညောင်းကျရောဂါများ ပျောက်ကင်းစေနိုင်သည်။

၂။ ချောင်းဆိုးရက်ကြာပြီး အသံဝင်လျှင် ပြည်ပန်းညိုရွက်ဟင်းချိုချက်သောက်လျှင် အသံဝင်သက်သာစေနိုင်သည်။

၃။ အသံကောင်းလိုသူများသည် ပြည်ပန်းညိုရွက်ကိုအခြောက်လှန်း၍ လက်ဖက်ခြောက်ကဲ့သို့ ရေနွေးတွင်ခတ်သောက်လျှင် အသံကောင်းစေနိုင်သည်။

၄။ အဖျားပြတ်ပြီးနောက် အစားအသောက်မစားချင်၊ ခံတွင်းမလိုက်ဖြစ်နေလျှင် ပြည်ပန်းညိုရွက်ကိုပြုတ်ပြီး ပုစွန်ခြောက်နှင့် အသုပ်ပြုလုပ်စားပါက ခံတွင်းလိုက်ပြီး အစာစားချင်စိတ်ကိုဖြစ်လာစေနိုင်သည်။

၅။ ဆီးချိုရောဂါ၊ ဆီးပူညောင်းကျရောဂါများဖြစ်လျှင် ပြည်ပန်းညိုပင်၏ အခေါက်ကိုပြုတ်၍ အကြမ်းပန်းကန်တစ်လုံးစာကို နံနက်၊ ည သောက်သုံးပေးပါက ရောဂါများပျောက်ကင်းသက်သာစေနိုင်သည်။

၆။ လေပူထရောဂါ၊ ဆီးပူညောင်းကျရောဂါများဖြစ်ပါက ပြည်ပန်းညိုအခေါက်ကို အခြောက်လှန်း၍ အမှုန့်ထောင်းပြီး ဆေးအဖြစ်စားသုံးပါက သက်သာပျောက်ကင်းစေနိုင်သည်။

၇။ ဝမ်းပျက်ရောဂါ၊ ဝမ်းကိုက်ရောဂါ၊ သွေးဝမ်းရောဂါများဖြစ်ပါက ပြည်ပန်းညိုရွက်ကို ဟင်းချိုချက်သောက်ပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။

၈။ အိပ်မပျော်သောရောဂါ၊ ရင်ပူ၊ နှလုံးပူရောဂါ၊ သည်းခြေပျက်ရောဂါများဖြစ်ပါက ပြည်ပန်းညိုရွက်ပြုတ်ရည်ကို ပျားရည် သို့မဟုတ် သကြားအနည်းငယ်ရောစပ်ပြီး တိုက်ကျွေးပေးပါက ရောဂါများသက်သာပျောက်ကင်းစေနိုင်သည်။

၉။ ပူပြင်းသောနွေရာသီ၌ သောက်ရေအိုးငယ်တွင် မန်ကျည်းဖျော်ရည်ကိုထည့်ပြီး အိုးအပြင်မှ ပြည်ပန်းညိုရွက်များ၊ အကိုင်းအခက်များပတ်၍ ချည်ထားပေးလျှင် မန်ကျည်းဖျော်ရည်သည် သဘာဝအတိုင်း အေးမြနေသည်။

**ပွေးကိုင်း**

အင်္ဂလိပ်အမည် - Indian Senna

မျိုးရင်း - Caesalpiniaceae (စိန်ပန်းမျိုးရင်း)

ရုက္ခဗေဒအမည် - Cassia Angustifolia Vahl.

**အဓိကဆေးဖက်ဝင်ပုံ**

ပွေးကိုင်းသည် ဝမ်းချုပ်ရောဂါ၊ အဖျဉ်းရောဂါ၊ ဒူလာရောဂါ၊ အဆစ်အမျက်ကိုက်ခဲသောရောဂါ၊ နူနာရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသများတွင် စိုက်ပျိုးပေါက်ရောက်နိုင်သည်။ တစ်နှစ်လျှင် မိုးရေချိန် လက်မ ၄၀ ထက်ပိုသည့် အပူချိန် ၅၀ ဒီဂရီဖယ်ရင်ဟိုက်မှ ၁၀၅ ဒီဂရီဖယ်ရင်ဟိုက်ရှိ ဒေသများတွင် ဖြစ်ထွန်းနိုင်သည်။ စိုက်ပျိုးပင်အဖြစ် ပေါက်ရောက်သည်။

❖ ဝမ်းချုပ်လျှင် ပွေးကိုင်းရွက်ကို အခြောက်လှန်း မီးဖြင့်လှော်ပြီး အမှုန့်ပြုလုပ်ပါ။ ထိုအမှုန့်ကို ဝမ်းနုတ်ဆေးဖော်ရာတွင် ထည့်သွင်းအသုံးပြုနိုင်သည်။ တန်ဆေးလွန်ဘေးဖြစ်သည်။ ပွေးကိုင်းများလျှင် ဝမ်းရစ်ပြီး ဗိုက်နာစေနိုင်သည်။ အသက်အရွယ်၊ အပိန်အဝကို ဆရာကချင့်ချိန်ပြီး ပေးသည့်အတိုင်းသာ သောက်သုံးသင့်သည်။ ❖

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အရွက်၊ အရိုး၊ အမြစ်နှင့် အသီးခွံများကို ဆေးဖော်စပ်ရာ၌ အသုံးပြုသည်။

**အပင်ပုံသဏ္ဌာန်**

အပင် ။ ။ ပွေးကိုင်းပင်သည် အကိုင်းအခက်များသော ပင်ငယ်ပင်ပျော့မျိုးဖြစ်သည်။ အမြင့် သုံးပေခန့်ရှိ၍ နှစ်ရှည်ခံပင်ဖြစ်သည်။

အရွက် ။ ။ ပွေးကိုင်းရွက်သည် ရွက်ပေါင်းဖြစ်ပြီး ရွက်လွှဲထွက်သည်။ ရွက်မြွှာများ ငှက်တောင်ပုံသဏ္ဌာန်ရှိ၍ အရင်းသွယ်ပြီး ထိပ်ချွန်သည်။ မျက်နှာချင်းဆိုင်ထွက်၍ ငါးစုံမှ ရှစ်စုံထိပါရှိသည်။ ရွက်ပြားချော၍ စိမ်းမှိုင်းသောအရောင်ရှိပြီး ရွက်နားညီသည်။

အပွင့်။ ။ ပွေးကိုင်းပွင့်သည် အဝါရောင်ရှိသည်။ ဝါဆိုလ၊ ဝါခေါင်လတွင် ပွင့်သည်။

အသီး။ ။ အသီးသည် သီးတောင့်ရှည်ဖြစ်သည်။ ပြား၍ အနည်းငယ်ကွေးပြီး ချောမွေ့သည်။ ချိုသောအရသာရှိသော်လည်း အော့အန်တတ်သည်။ သီတင်းကျွတ်လမှ နတ်တော်လအတွင်းသီးသည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ ပွေးကိုင်းသည် ချုပ်ခြင်းကို ကင်းဝေးစေတတ်၏။ ဆာလောင်ခြင်းကို ဖြစ်စေတတ်၏။ အသက်ရှူရာ၌ အနံ့မကောင်းခြင်းကို ပျောက်စေတတ်၏။

**ပွေးကိုင်း၏ဂုဏ်နှင့်စွမ်းရည်**

ပွေးကိုင်းသည် ချုပ်ခြင်း၊ ဝမ်းမီးနှံ့ခြင်း၊ အသည်းရောဂါ၊ ဝမ်းဗိုက်ရောဂါ၊ အဖျဉ်းရောဂါ၊ အစာမကြေခြင်း၊ ဝိသမအဖျား၊ ကိုယ်ရေဝါခြင်း၊ ကိုယ်ရေဖျော့ခြင်း စသည်တို့ကို ပျောက်ကင်းစေနိုင်သည်။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ဆံပင်ဖြူလျှင် ပွေးကိုင်းကို ကြိတ်မှန်ရွက်ရည်နှင့်ရော၍သောက်လျှင် ဆံပင်ဖြူခြင်းသက်သာစေနိုင်သည်။

၂။ ဝမ်းချုပ်လျှင် ပွေးကိုင်းရွက်ကို အခြောက်လှန်း မီးဖြင့်လှော်ပြီးအမှုန့်ပြုလုပ်ပါ။ ထိုအမှုန့်ကို ဝမ်းနုတ်ဆေးဖော်ရာတွင် ထည့်သွင်းအသုံးပြုနိုင်သည်။ တန်ဆေးလွန်ဘေးဖြစ်သည်။ ပွေးကိုင်းများလျှင် ဝမ်းရစ်ပြီး ဗိုက်နာစေနိုင်သည်။ အသက်အရွယ်၊ အပိန်အဝကို ဆရာက ချင့်ချိန်ပြီးပေးသည့်အတိုင်းသာ သောက်သုံးသင့်သည်။

၃။ အဆိပ်သင့်ခြင်းဖြစ်လျှင် ပွေးကိုင်းအမှုန့်ကို ဒိန်ချဉ်ဖြင့်ရော၍ တိုက်ကျွေးပါက အဆိပ်များပြယ်စေနိုင်သည်။

၄။ ရေဖျဉ်းရောဂါဖြစ်ပြီး ဝမ်းဗိုက်ပူနေလျှင် ပွေးကိုင်းအမှုန့်ကို ဆီးဖြူသီးပြုတ်ရည်နှင့် ရော၍ တိုက်ကျွေးလျှင် ဝမ်းသက်ပြီး ရေဖျဉ်းရောဂါ ပျောက်ကင်းစေနိုင်သည်။

၅။ အစာမကြေလေအောင့်၊ လေခံရောဂါဖြစ်လျှင် ပွေးကိုင်းမှုန့်ကို ချင်းခြောက်အမှုန့်နှင့် ရော၍သောက်သုံးပါက သက်သာပျောက်ကင်းစေနိုင်သည်။

၆။ ရင်ဘတ်အောင့်လျှင် ပွေးကိုင်းကို တလည်းသီးရည်နှင့်ရောစပ်သောက်သုံးပါက ရင်ဘတ်အောင့်ခြင်း ပျောက်ကင်းစေနိုင်သည်။

၇။ ကြာရှည်စွဲ၍ ဖြစ်သောခေါင်းကိုက်ရောဂါခံစားရလျှင် ပွေးကိုင်းကို နွားကျင်ငယ်ရည်နှင့်စိမ်၍ သောက်သုံးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။



၈။ သည်းခြေဖောက်ပြန်၍ ရူးသောရောဂါ၊ စိတ်မငြိမ်သောရောဂါဖြစ်လျှင် ပွေးကိုင်းမှုန့်ကို သကြားနှင့်ဆတူရော၍ တိုက်ကျွေးပါက သက်သာပျောက်ကင်းစေနိုင်သည်။

၉။ မကောင်းသောကိုယ်ဝန်တည်ခြင်းဖြစ်ပါက ပွေးကိုင်းကို ညောင်ဗုဒ္ဓဟေအခေါက်နှင့် ရောသောက်ခဲ့သော် မကောင်းသောကိုယ်ဝန်သည်လျှောကျ၏။ (ရှင်နာဂသိန်ပုံပြဆေးအဘိဓာန်)။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ရွှေဘိုမြို့နယ်တွင် မိုးကြိုပဲတီစိမ်း ၂၄၄၄ ဧက စိုက်ပျိုးပြီးစီး

**ရွှေဘို မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် မိုးကြိုပဲတီစိမ်း ၂၄၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် မိုးကြိုပဲတီစိမ်းဧက ၄၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မတ်လပထမပတ်မှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ မိုးကြို ပဲတီစိမ်း ၂၄၄၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုမြို့နယ်မှာ ပဲတီစိမ်းစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ်တိုးစိုက်နိုင်ပါတယ်။ မနှစ်ကလဲ တိုးစိုက်နိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ ပဲတီစိမ်းဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော်စိုက်ပြီးပါပြီ။ ဆက်လက်စိုက်ပျိုးနေကြပါတယ်။လျာထားချက်ထက် တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ယခုနှစ်တွင် ရွှေဘိုမြို့နယ်အတွင်း ပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က ရွှေဘိုမြို့နယ်တွင် မိုးကြိုပဲတီစိမ်း ၁၃၁၅၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

(၂၀၆)



# တောင်ကြီးမြို့နယ် ဟမ်းဆီး(နောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး မတ် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ဟမ်းဆီး(နောက်)ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။




ရှေးဦးစွာ တောင်ကြီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာက ဟမ်းဆီး(နောက်)ကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၇ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟမ်းဆီး(နောက်) ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၇ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# တို့မြန်မာ့ လတန်ခူး

\- ပိတောက်တွေ အခိုင်အဆုပ်နဲ့
မြိုင်အုပ်က ရွှေရောင်ဝေ၊
သင်္ကြန်ကြို မိုးစက်တွေလည်း
ဖြိုးလျက်ပါပေ၊
မြန်မာ့တန်ခူးပေါ့
အလှထူးနဲ့ နှစ်ကူးနေ
အချစ်ဖူးတွေ မြိုင်ဆိုင်ပွင့်၊
ဘယာတွေ ဝေးပြီမို့
အတာရေ အေး ရယ်နဲ့
မြန်မာပြည် သာစေတေးရယ်တို့
သီကြွေးခွန်းဆင့်။

\- ကောင်းမှုတွေ ကျူးရင့်လို့
မြူးဝင့်တဲ့ နှစ်ဦးခါ၊
ရေသဘင် ဆွေခင်ပွဲတွေလည်း
နွဲ့ခြိမ့်လို့ပါ၊
ဘုရားတန်ဆောင်း
မြတ်ကျောင်းနဲ့ရိပ်သာ
ဆိတ်ငြိမ်စွာ ကုသိုလ်ပွား၊
အလှူ အတန်းတွေနဲ့
မြန်ဇမ္ဗူ မြန်သူနန်းရယ်က
လန်းလို့ပါတကား။

\- တို့မြန်မာ နှစ်သစ်တံခါးက
အချစ်စစ်များ ဖူးပွင့်ဝေ၊
ညီအစ်ကို မောင်နှမတို့
ဆောင်ကြတဲ့မြေ၊
ပိတောက်ပန်းတွေနဲ့
ရွှင်လန်းဖွယ် အတာရေ
ဖြာစေတဲ့ ကောင်းမှုမျိုး၊
ချစ်ခြင်းမေတ္တာနဲ့
တစ်နှစ်ချင်း ရစ်ဖြာလို့
တစ်ခေတ်မြန်မာ ပြည်အသစ်ဆီဖြင့်
အိုကွယ် . . .
ဆွေစစ်တို့ကြိုး။ ။

**လွမ်းလေးကို(သရက်)**

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။**

## နိုင်ငံတကာ သတင်းများ

# ရုရှားနိုင်ငံ၏နည်းဗျူဟာမြောက် နျူကလီးယားလက်နက်ဖြန့်ကြက်မှုအစီအစဉ်များ ဘီလာရုစ်အတွက်လိုအပ်ကြောင်း သမ္မတလူကာရှန်ကို ပြောကြား



**မင့်စ် မတ် ၃၁**

ဘီလာရုစ်နိုင်ငံ၌ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ ဖြန့်ကြက်ထားရေးအတွက် ရုရှားနိုင်ငံနှင့် ဆွေးနွေးမှုများ အရှိန်မြှင့်တင် ပြုလုပ်နေကြောင်း ဘီလာရုစ်သမ္မတ အလက်ဇန်းဒါး လူကာရှန်ကိုက ယနေ့တွင် ပြောကြားခဲ့သည်။

ဘီလာရုစ် လွှတ်တော်အမတ်များနှင့် အစိုးရတာဝန်ရှိသူများကို ပြောကြားခဲ့သည့် နှစ်စဉ်မိန့်ခွန်း၌ သမ္မတ လူကာရှန်ကိုက အဆိုပါအတိုင်း ထုတ်ပြောခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ထို့ပြင် အိမ်နီးချင်းပိုလန်နိုင်ငံမှတစ်ဆင့် ဘီလာရုစ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်မှု အစီအစဉ်များရှိနေကြောင်း အဆိုပါမိန့်ခွန်း၌ ဘီလာရုစ်သမ္မတက စွပ်စွဲထားသည်။

ဘီလာရုစ်၌ နည်းဗျူဟာမြောက်နျူကလီးယားလက်နက်များ ဖြန့်ကြက်မည့် ရုရှားနိုင်ငံ၏ အစီအစဉ်သည် အနောက်အုပ်စုခြိမ်းခြောက်မှုအောက် ရောက်နေသော ဘီလာရုစ်နိုင်ငံ ဘေးကင်းလုံခြုံရေးအတွက် အထောက်အကူပေးလိမ့်မည်ဖြစ်ကြောင်း သမ္မတလူကာရှန်ကိုက ပြောကြားခဲ့သည်။

ဘီလာရုစ်နိုင်ငံ၌ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ ဖြန့်ကြက်မည့်အစီအစဉ်ကို ရုရှားသမ္မတပူတင်က မတ် ၂၅ ရက်တွင် ကြေညာထားသည်။

လိုအပ်လာပါက မိမိနှင့်ရုရှားသမ္မတပူတင်တို့အနေဖြင့်မိုင်ထောင်နှင့်ချီပျံသန်းနိုင်ပြီး မြို့တော်ကြီးများကို ဖျက်ဆီးနိုင်မည့် မဟာဗျူဟာနျူကလီးယားလက်နက်များဘီလာရုစ်၌ ဖြန့်ကြက်ထားရေးကိုလည်း ဆုံးဖြတ်နိုင်သည်ဟု ယနေ့မိန့်ခွန်း၌ သမ္မတလူကာရှန်ကိုကထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

KKO

# တက်စလာကုမ္ပဏီအမှုဆောင်အရာရှိချုပ် အီလွန်မက် တရုတ်နိုင်ငံသို့သွားရောက်မည်

**ဝါရှင်တန် မတ် ၃၁**

တက်စလာကုမ္ပဏီ အမှုဆောင်အရာရှိချုပ် အီလွန်မက်သည် ဧပြီလအစောပိုင်းတွင် တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်ဝန်ကြီးချုပ် လီချန်းနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက မတ် ၂၉ ရက်တွင် ဖော်ပြခဲ့သည်။

အီလွန်မက်၏ တရုတ်ခရီးစဉ်အချိန်ကာလအတိအကျမှာ တရုတ်ဝန်ကြီးချုပ် လီချန်းပေးနိုင်မည့် အချိန်အပေါ် မူတည်နေမည်ဖြစ်ကြောင်း တရုတ်အစိုးရ သတင်းအရင်းအမြစ်များက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

အီလွန်မက်၏ တရုတ်ခရီးစဉ်သတင်းနှင့်ပတ်သက်၍ တက်စလာကုမ္ပဏီနှင့် တရုတ်နိုင်ငံတော်ကောင်စီ သတင်းအချက်အလက်ရုံးက တစ်စုံတစ်ရာတုံ့ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

တရုတ်နိုင်ငံသည် တက်စလာလျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်ကုမ္ပဏီ၏ ဒုတိယအကြီးဆုံးဈေးကွက်ဖြစ်သည်။

ယခုစီစဉ်ထားသည့် ခရီးစဉ်သည် ကိုဗစ်-၁၉ ရောဂါကပ်ဘေးစတင် ပေါ်ထွက်ခဲ့ပြီးနောက်ပိုင်း တက်စလာအမှုဆောင်အရာရှိ ချုပ် အီလွန်မက်၏ ပထမဆုံးတရုတ်ခရီးစဉ်ဖြစ်သည်။

လက်ရှိ တရုတ်ဝန်ကြီးချုပ် လီချန်းသည် ရှန်ဟိုင်းကွန်မြူနစ်ပါတီအကြီးအကဲအဖြစ် တာဝန်ယူခဲ့စဉ်က တက်စလာကားစက်ရုံတစ်ရုံ တည်ဆောက်မှုနှင့် ဖွင့်လှစ်မှုတို့ကို ကြီးကြပ်ပေးခဲ့ဖူးကြောင်း သိရသည်။

KKO

# သောက်သုံးရေကိုခွဲတမ်းဖြင့် ပေးဝေမှုစနစ် တူနီးရှားအစိုးရ စတင်ကျင့်သုံး

**တူးနစ် မတ် ၃၁**

တူနီးရှားနိုင်ငံသည် ယနေ့မှစ၍ သောက်သုံးနိုင်သည့်ရေကို ခွဲတမ်းစနစ်ဖြင့် စတင်ပေးဝေခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်း ရေသုံးစွဲမှုကိုလည်း ပိတ်ပင်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တူနီးရှားနိုင်ငံ၌ ပေါ်ပေါက်နေသည့် မိုးခေါင်ရေရှားကပ်ဘေးကြောင့် သောက်သုံးရေကို ခွဲတမ်းစနစ်ဖြင့်ပေးရန်နှင့် စိုက်ပျိုးရေးလုပ်ငန်း၌ သောက်သုံးရေသုံးစွဲမှုပိတ်ပင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တူနီးရှားစိုက်ပျိုးရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သောက်သုံးရေခွဲတမ်းစနစ်ဖြင့် ပေးဝေမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းရေသုံးစွဲမှုရပ်ထားရေးတို့ကို ယခုနှစ် စက်တင်ဘာ ၃၀ ရက်ထိ ကျင့်သုံးရန် တူနီးရှားနိုင်ငံက စီစဉ်ထားသည်။

တူနီးရှားနိုင်ငံသည် လက်ရှိအချိန်တွင် အလွန်ပြင်းထန်သည့် မိုးခေါင်ရေရှားကပ်ဘေးကို စတုတ္ထမြောက်နှစ်အဖြစ် ဆက်လက်ရင်ဆိုင်နေရသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလနှင့် ၂၀၂၃ ခုနှစ် မတ်လလယ်ကာလအကြား မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် တူနီးရှားနိုင်ငံ၏ ဆီဒီဆာလမ်ဆည်၌ သိုလှောင်ထားနိုင်သည့် ရေပမာဏမှာ အများဆုံး သိုလှောင်နိုင်သည့်ပမာဏ၏ ၁၆ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ရပြီး ရေထုထည် ကုဗမီတာ သန်း ၅၈၀ မျှသာ သိုလှောင်ထားနိုင်တော့ကြောင်း သိရသည်။

မိုးခေါင်ရေရှား ပြဿနာကြောင့် တူနီးရှားနိုင်ငံ၏ ကောက်ပဲသီးနှံ ထုတ်လုပ်နိုင်မှုနှုန်းမှာလည်း များစွာကျဆင်းနိုင်ဖွယ်ရှိကြောင်း သိရသည်။ KKO



# တရုတ်(တိုင်ပေ) ရေလက်ကြားအလယ်စည်းကို တရုတ်စစ်လေယာဉ်များ ဖြတ်ကျော်ပျံသန်း

**တိုင်ပေ မတ် ၃၁**

တရုတ်စစ်ဘက်၏ စစ်လေယာဉ်ကိုးစင်းသည် ယနေ့တွင် တရုတ်(တိုင်ပေ)ရေလက်ကြား အလယ်မျဉ်းကိုဖြတ်ကျော်၍ တိုက်ပွဲဝင်အသင့် အနေအထား ကင်းလှည့်ပျံသန်းမှုများ ပြုလုပ်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်(တိုင်ပေ) ရေလက်ကြားအလယ်မျဉ်းမြောက်ပိုင်း၊ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တရုတ်စစ်လေယာဉ်ကိုးစင်းတို့က စည်းကျော်ပျံသန်းမှုများ ပြုလုပ်ခဲ့ကြောင်းတရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တရုတ်(တိုင်ပေ) ရေလက်ကြားအလယ်မျဉ်းသည် တရုတ်နိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့ကြား တရားမဝင်နယ်နိမိတ်စည်းဖြစ်ပြီး တရုတ်နိုင်ငံက အသိအမှတ်ပြုထားခြင်းမရှိကြောင်း သိရသည်။



ဗဟိုအမေရိက သံတမန်မဟာမိတ်နိုင်ငံများသို့ တရုတ်(တိုင်ပေ) သမ္မတဆိုင်အင်းဝမ်က သွားရောက်နေစဉ် တရုတ်စစ်လေယာဉ်များက တရုတ်(တိုင်ပေ) ရေလက်ကြားအလယ်မျဉ်းကို ဖြတ်ကျော်ပျံသန်းခဲ့ကြခြင်းဖြစ်သည်။

တရုတ်(တိုင်ပေ)သမ္မတဆိုင်အင်းဝမ်သည် ဗဟိုအမေရိက ခရီးစဉ်ပြီးဆုံး၍ အမေရိကန်နိုင်ငံသို့ ခေတ္တဝင်ရောက်ချိန်တွင် အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ ကီဗင်မက္ကာသီနှင့် တွေ့ဆုံဆွေးနွေးဖွယ်ရှိသည်။

သမ္မတ ဆိုင်အင်းဝမ်အနေဖြင့် အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌနှင့်တွေ့ဆုံခဲ့ပါက လက်တုံ့ပြန်မည်ဟု တရုတ်တာဝန်ရှိသူများက မတ် ၂၉ ရက်တွင် သတိပေးထားကြောင်း သိရသည်။ KKO

# အိန္ဒိယ၌ ရေတွင်းကွန်ကရစ်အဖုံးပြိုကျ အနည်းဆုံး လူပေါင်း ၃၆ ဦး ရေတွင်းထဲပြုတ်ကျသေဆုံး၊ ၁၆ ဦး ဒဏ်ရာရရှိ

**ဒေလီ မတ် ၃၁**

အိန္ဒိယနိုင်ငံအလယ်ပိုင်းမဒရာပရာဒေ့ရှ်ပြည်နယ် ဟိန္ဒူဘုရားကျောင်း တစ်ကျောင်း၌ ရေတွင်းအဖုံးပြိုကျပြီးနောက် လူအမြောက်အမြား ရေတွင်းထဲပြုတ်ကျခဲ့ရာ အနည်းဆုံး လူပေါင်း ၃၆ ဦး သေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မတ် ၃၀ ရက်က ရမ်နာဝါမီ အမည်ရှိ ဟိန္ဒူဘာသာရေးပွဲတော် တစ်ခုကျင်းပနေစဉ် ရေတွင်းကွန်ကရစ်အဖုံး ပြိုကျခဲ့ရခြင်းဖြစ်သည်။

ရေတွင်းကွန်ကရစ်အဖုံးပေါ်၌ ပွဲတော်လာပရိသတ်များ တက်ရောက်စုဝေးနေစဉ် ကွန်ကရစ်အဖုံးပြိုကျခဲ့ရခြင်းဖြစ်သည်။

ရေတွင်းကွန်ကရစ်အဖုံး ပြိုကျမှုဖြစ်စဉ်အတွင်း လူပေါင်း ၁၆ ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။


အဆိုပါရေတွင်းမှာ ပေ ၆၀ ထိနက်ပြီး ရေအများအပြားရှိနေဆဲဖြစ်ရာ ရေတွင်းကွန်ကရစ်အဖုံး ပြိုကျမှုကြောင့် သေဆုံးသူအများစုမှာ ရေနစ်သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယ ရှာဖွေကယ်ဆယ်ရေးသမားများသည် ယနေ့ထိဝန်ချီစက်များ၊ ကြိုးများအကူအညီဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်နေဆဲ ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## စနေဂြိုဟ်၏ခါးပတ်ကွင်းစနစ်က ဂြိုဟ်လေထုလွှာအထက်ပိုင်းကို အပူဓာတ်ပေးထား



**ပဲရစ် မတ် ၃၁**

စနေဂြိုဟ်၏ ခါးပတ်ကွင်းစနစ်သည် စနေဂြိုဟ်လေထုလွှာအထက်ပိုင်းကို အပူဓာတ်ပေးထားကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က မတ် ၃၀ ရက်က ရေးသားတင်ပြထားသည်။

အထက်ပါဖြစ်စဉ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ်နှင့်ကတ်ဆီနီ အာကာသယာဉ် အပါအဝင် အာကာသအခြေစိုက် လေ့လာစူးစမ်းရေးစနစ်များ အကူအညီဖြင့် ပြင်သစ်နိုင်ငံ နက္ခတ္တရူပဗေဒ အင်စတီကျူမှ သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ စနေဂြိုဟ် အထက်လေထုလွှာအတွင်း၌ ခရမ်းလွန်ရောင်ခြည် ဖြာထွက်ရောင်ခြည်များ ပုံမှန်ထက် လွန်ကဲနေသည်ဖြစ်ရာ ပြင်ပမှအပူဓာတ်သက်ရောက်နေမှု၏ လက္ခဏာဖြစ်ကြောင်း ပြင်သစ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဖြစ်နိုင်ဆုံးအချက်မှာ စနေဂြိုဟ် ခါးပတ်ကွင်းများအတွင်းရှိ ရေခဲဖြုပ်မှုန်များ စနေဂြိုဟ်လေထုလွှာအတွင်း ကျရောက်ချိန်တွင် အပူဓာတ် ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ဂြိုဟ်တစ်စင်း၏ လေထုလွှာကို ခါးပတ်ကွင်းများက အပူပေးမှုဖြစ်စဉ်တချို့ကို နေအဖွဲ့အစည်းအတွင်း ရှေးယခင်က မမြင်ဖူးခဲ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာ အာကာသယာဉ်များ၏ လေ့လာတွေ့ရှိချက်အရ စနေဂြိုဟ်၏ ဖြုပ်ဆွဲအားသည် ဂြိုဟ်ခါးပတ်ကွင်းများအတွင်းရှိ ရေခဲဖြုပ်မှုန်များကို ဂြိုဟ်ဆီသို့ ဆွဲယူတတ်ကြောင်း သိရသည်။ KKO

## နာဆာအဖွဲ့က အောစီးရစ်ရက်စ်အာကာသယာဉ် ကောက်ယူစုဆောင်းထားသော ဘန်နူးဂြိုဟ်သိမ် ကျောက်သားနမူနာများကို အောင်မြင်စွာလက်ခံရယူရေးပြင်ဆင်

**ဝါရှင်တန် မတ် ၃၁**

အောစီးရစ်ရက်စ် အာကာသယာဉ်က ကောက်ယူစုဆောင်းထားသော ဘန်နူးဂြိုဟ်သိမ် ကျောက်သားနမူနာများကို အောင်မြင်စွာ လက်ခံရယူရေးအတွက် နာဆာအဖွဲ့က ပြင်ဆင်နေပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၃၀ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပထမဆုံးဂြိုဟ်သိမ်နမူနာ ရယူရေးယာဉ်ဖြစ်သည့် အောစီးရစ်ရက်စ် အာကာသယာဉ်သည် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလက ဘန်နူးဂြိုဟ်သိမ်၏ နမူနာကျောက်သားများကို ကောက်ယူခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အောစီးရစ်ရက်စ်အာကာသယာဉ်သည် ဘန်နူးဂြိုဟ်သိမ် နမူနာကျောက်သားများ



ကို ပေးပို့ရေးအတွက် ကမ္ဘာမြေဆီသို့ ဦးတည်ပျံသန်းလျက်ရှိကြောင်း သိရသည်။

ဘန်နူးဂြိုဟ်သိမ် ကျောက်သားနမူနာများ ထည့်သွင်းထားသည့် အလုံပိတ်ပြွန်သည် မိခင်အာကာသယာဉ်မှခွဲထွက်၍ အမေရိကန်နိုင်ငံ ယူတားပြည်နယ် ကန္တာရဒေသ၌ ယခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နာဆာအဖွဲ့သည် ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်လာမည့် ဂြိုဟ်သိမ်ကျောက်သားနမူနာထည့် အလုံပိတ်ပြွန်ကို အောင်မြင်စွာ ပြန်လည်ရယူရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေကြောင်း သိရသည်။

အောစီးရစ်ရက်စ် အာကာသယာဉ် သယ်ယူလာမည့် ဘန်နူးဂြိုဟ်သိမ် ကျောက်သားနမူနာပမာဏမှာ ဂရမ် ၂၅၀ ခန့်ထိရှိမည်ဖြစ်ကြောင်း သိရသည်။ KKO

## ပုဂ္ဂလိက ဂျပန်လဆင်းယာဉ်တစ်စင်းဖြစ်သော ဟာကူတို-အာရ်လဆင်းယာဉ်က လကမ္ဘာဓာတ်ပုံသစ်များကို ကမ္ဘာမြေသို့ ပြန်လည်ပေးပို့ထား

**တိုကျို မတ် ၃၁**

ပုဂ္ဂလိက ဂျပန်လဆင်းယာဉ်တစ်စင်းဖြစ်သော ဟာကူတို-အာရ် လဆင်းယာဉ်သည် လကမ္ဘာဓာတ်ပုံသစ်များကို ကမ္ဘာမြေပေါ်သို့ပြန်လည်ပေးပို့ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၃၀ ရက်က ရေးသားတင်ပြထားသည်။

ဟာကူတို-အာရ်လဆင်းယာဉ်သည် လပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ပြီးနောက် နေရောင်ဟပ်နေသော လကမ္ဘာဥက္ကာချိုင့်ဝှမ်းများကို ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံအခြေစိုက် အိုင်စပေ့စ်အာကာသနည်းပညာကုမ္ပဏီက တည်ဆောက်ထားသည့် ဟာကူတို-အာရ် လဆင်းယာဉ်သည် မတ် ၂၀ ရက်က လပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ဟာကူတို-အာရ် လဆင်းယာဉ်က ရိုက်ကူးခဲ့သော ဓာတ်ပုံအတွင်းတွင် လကမ္ဘာဥက္ကာချိုင့်ဝှမ်းများ နေရောင်ဟပ်၍ လင်းနေပုံကို တွေ့နိုင်မည်ဖြစ်သည်။

ဟာကူတို-အာရ် လဆင်းယာဉ်သည် လာမည့် ဧပြီလအတွင်း လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန် ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလဆင်းယာဉ် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်မည့်အစီအစဉ် အောင်မြင်ခဲ့ပါက ဂျပန်နိုင်ငံသည် အမေရိကန်၊ ရုရှားနှင့် တရုတ်နိုင်ငံတို့ပြီးလျှင် လပေါ်သို့ လဆင်းယာဉ် စေလွှတ်နိုင်သည့် စတုတ္ထမြောက်နိုင်ငံ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## စတီးရွိုက်ဆေး နှစ်မျိုးပေါင်းကုထုံးက Sepsis လူနာများအတွက် အထောက်အကူပြုနိုင်

**နယူးယောက် မတ် ၃၁**

စတီးရွိုက်ဆေးနှစ်မျိုးပေါင်းစပ်ထားသည့်ဆေးနှစ်မျိုးပေါင်းကုထုံးတစ်မျိုးသည် ဗက်တီးရီးယားကြောင့် သွေးအဆိပ်သင့်မှု(Sepsis)ရောဂါလူနာများအတွက် အသက်ကယ်ဆေးဖြစ်လာနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မတ် ၃၀ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ Hydrocortisone နှင့် Fludrocortisone ဆေးနှစ်မျိုးပေါင်း ကုထုံးရယူထားသော Sepsis လူနာများသည် Hydrocortisone ဆေးတစ်မျိုးတည်းသာ ရယူထားသော လူနာများထက် ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ လေးရာခိုင်နှုန်းပိုနည်းပါးကြောင်း သိရသည်။

အထက်ပါ လေ့လာတွေ့ရှိမှုကြောင့် Sepsis ရောဂါကုသရေး ကုထုံးများ ပြောင်းလဲသွားနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အထက်ပါ စတီးရွိုက်ဆေးနှစ်မျိုးပေါင်းကုထုံးသည် Sepsis လူနာများ နေအိမ်၌နောက်ထပ် ပြုစုစောင့်ရှောက်မှုခံယူရနိုင်ခြေလည်း ပိုနည်းပါးကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် Sepsis ရောဂါကုထုံးပုံစံအမျိုးမျိုးကို နှိုင်းယှဉ်လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

KKO

## ကျန်းမာရေးကောင်းသူ ကလေးနှင့်ဆယ်ကျော်သက်များ ကိုဗစ်ထပ်ဆောင်းကာကွယ်ဆေး ထပ်ထိုးရန်မလိုအပ်

**နယူးယောက် မတ် ၃၁**

ကျန်းမာရေးကောင်းမွန်သော ကလေးများနှင့် ဆယ်ကျော်သက်များအနေဖြင့် ကိုဗစ်ထပ်ဆောင်းကာကွယ်ဆေးထပ်မံထိုးနှံရန် မလိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အကြံပြုချက်ကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က မတ် ၃၀ ရက်က ရေးသားတင်ပြထားသည်။

ကျန်းမာသောကလေးများနှင့် ဆယ်ကျော်သက်များအား ကိုဗစ်ကာကွယ်ဆေးထိုးနှံမှု၏ ပြည်သူ့ကျန်းမာရေးအကျိုးသက်ရောက်မှုသည် ကလေးများအတွက် မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးများ၏ အကျိုးသက်ရောက်မှုနှင့်နှိုင်းယှဉ်ပါက များစွာနည်းပါးကြောင်း WHO က သုံးသပ်ထားသည်။

သို့ဖြစ်ရာ ကျန်းမာသောကလေးများနှင့် ဆယ်ကျော်သက်များကို ကိုဗစ်ကာကွယ်ဆေးများ ထပ်ဆောင်း ထိုးနှံပေးမည့်အစား ကိုဗစ်ကူးစက်ရန် အလွယ်ကူဆုံးသူများကို ဦးစားပေးထိုးနှံသင့်သည်ဟု WHO က အကြံပြုထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေးများကို သက်ကြီးရွယ်အိုများ၊ ခုခံအားစနစ်အားနည်း ပျက်စီးနေသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များကို နောက်ဆုံးထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး ၁၂ လအကြာတွင် အားဖြည့်ကာကွယ်ဆေး ထပ်မံထိုးနှံပေးရန် WHO အကြံပြုချက်၌ ဖော်ပြထားကြောင်း သိရသည်။

အသက်ခြောက်လနှင့် ၁၇ နှစ်ကြား ကျန်းမာရေးကောင်းမွန်သူ ကလေးများကို ကိုဗစ်ကာကွယ်ဆေးထပ်မံ ထိုးနှံရန် သင့်၊မသင့်နှင့်ပတ်သက်၍ ဆုံးဖြတ်ချိန်တွင် ရောဂါကူးစက်မှု အခြေအနေနှင့် ကုန်ကျစရိတ်ထိရောက်သက်သာမှုတို့ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း WHO ကျွမ်းကျင်သူများက ပြောကြားသည်။

KKO



နိုင်ငံတကာ
# အားကစားသတင်းများ

## အီတလီစီးရီးအေ ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်များ

ML

**မွန်ဇာ Vs လာဇီယို**

**ကစားမည့်ရက်/အချိန် ၂-၄-၂၀၂၃ (ည ၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လာဇီယို ၁ - ၀ မွန်ဇာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မွန်ဇာ | - | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(သရေ) |
| လာဇီယို | - | ဝေး(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |

မွန်ဇာအသင်းဟာ အိမ်ကွင်းကစားပုံကောင်းပေမဲ့ ပွဲပယ်ကစားသမားတွေများနေသလို တိုက်စစ်ပိုင်းကျဆင်းနေတာကြောင့် အခုပွဲစဉ်မှာ ရှုံးကန့်ရဖို့များပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်သေချာဖို့ ကြိုးစားနေတဲ့ လာဇီယိုကတော့ ခံစစ်ကစားပုံတည်ငြိမ်လာသလို တိုက်စစ်ပိုင်းထက်မြက်လာတာကိုတွေ့ရမှာပါ။ ဒါကြောင့် လာဇီယိုကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - မွန်ဇာ ၁ - ၂ လာဇီယို**

**ရိုးမား Vs ဆမ့်ဒိုးရီးယား**

**ကစားမည့်ရက်/အချိန် ၂-၄-၂၀၂၃ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆမ့်ဒိုးရီးယား ၀ - ၁ ရိုးမား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရိုးမား | - | အိမ်(ရှုံး) | ဝေး(သရေ) | ဝေး(ရှုံး) |
| ဆမ့်ဒိုးရီးယား | - | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |

နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲမရသေးတဲ့ ရိုးမားအနေနဲ့ အခုပွဲစဉ်ကို အနိုင်ကစားမှ ဥရောပဝင်ခွင့်အတွက် စိတ်ချရမှာဖြစ်လို့ တိုက်စစ်ဖွင့်လာမှာသေချာပါတယ်။ ဆမ့်ဒိုးရီးယားကတော့ ကစားသမားစုဖွဲ့မှုနဲ့ ခံစစ်ပိုင်းအားနည်းမှုတွေကြောင့် ရိုးမားအသင်းအိမ်ကွင်းမှာ ဂိုးမပြတ်ဖို့သာ အာရုံစိုက်ရမှာပါ။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ နိုင်ပွဲရှာမဲ့ ရိုးမားကိုရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ရိုးမား ၃ - ၁ ဆမ့်ဒိုးရီးယား**

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၉) ပွဲကြိုသုံးသပ်ချက်

ML

**ဝက်စ်ဟမ်း Vs ဆောက်သမ်တန်**

**ကစားမည့်ရက်/အချိန် ၂-၄-၂၀၂၃ (ည ၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆောက်သမ်တန် ၁ - ၁ ဝက်စ်ဟမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | - | ဝေး(နိုင်) | အိမ်(သရေ) | အိမ်(နိုင်) |
| ဆောက်သမ်တန် | - | ဝေး(သရေ) | အိမ်(ရှုံး) | အိမ်(သရေ) |

အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်ဆိုးရွားနေတဲ့ ဝက်စ်ဟမ်းအသင်းဟာ တန်းဆင်းဇုန်ထဲကျရောက်နေတာကြောင့် အခုပွဲစဉ်ကိုတိုက်စစ်မြှင့်ပြီး မဖြစ်မနေနိုင်ပွဲရှာရမှာပါ။ ဆောက်သမ်တန်အသင်းကလဲ တန်းဆင်းဇုန်မှာရှိနေပေမဲ့ ဒဏ်ရာရကစားသမားများနေတာကြောင့် ဝက်စ်ဟမ်းတိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ဝက်စ်ဟမ်းအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - ဝက်စ်ဟမ်း ၂ - ၁ ဆောက်သမ်တန်**

## အားကစားသတင်း အတိုအထွာများ

- အသက် ၃၆ နှစ်ရှိ တိုက်စစ်မှူး ဘင်ဇီးမား၏ နေရာတွင် အစားထိုးရန်အတွက် တိုက်စစ်မှူး ဆာလာဟ်ကိုခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်းက စီစဉ်လျက်ရှိကြောင်း သိရသည်။
- ဒူးဒဏ်ရာကြောင့် အနားယူနေရသည့် စပါးအသင်းဂိုးသမား လိုရစ်အနေဖြင့် ဒဏ်ရာကောင်းမွန်လာသဖြင့် အဲဗာတန်အသင်းနှင့် ကစားရမည့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဟု နည်းပြ စတယ်လီနီက အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။ ML

# မတ်လအတွက် စပိန်လာလီဂါတစ်လတာအကောင်းဆုံးကစားသမားဆုကို အေတီကိုအသင်း တိုက်စစ်ကစားသမား ဂရစ်မန်းဇ်ရရှိ




**မက်ဒရစ် မတ် ၃၁**

စပိန်လာလီဂါအဖွဲ့ချုပ်က လစဉ်ပေးအပ်သည့် မတ်လအတွက် စပိန်လာလီဂါ တစ်လတာ အကောင်းဆုံး ကစားသမားဆုကို အေတီကိုအသင်း တိုက်စစ်ကစားသမား ဂရစ်မန်းဇ်ကရရှိခဲ့သည်ဟု မာကာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂရစ်မန်းဇ်သည် မတ်လအတွင်း အေတီကိုအသင်းနှင့်အတူ စပိန်လာလီဂါပြိုင်ပွဲ သုံးပွဲကစားခဲ့ရာတွင် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည့်အတွက် ဘာစီလိုနာအသင်းမှ လီဝမ်ဒေါ့စကီး၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ဗင်နီစီးယက်တို့ကို ကျော်ဖြတ်ပြီး တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဂရစ်မန်းဇ်သည် စပိန်လာလီဂါ တစ်လတာအကောင်းဆုံး ကစားသမားဆုကို နောက်ဆုံးအကြိမ်အဖြစ် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ငါးနှစ်အတွင်းတစ်လတာ အကောင်းဆုံး ကစားသမားဆုကို ပထမဆုံးအကြိမ် ပြန်လည်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂရစ်မန်းဇ်သည် ယခုအခါ စပိန်လာလီဂါ တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ခုနစ်ကြိမ်မြောက် ရရှိခဲ့ခြင်းဖြစ်ပြီး ဘာစီလိုနာအသင်းမှ ကစားသမားဟောင်း မက်ဆီ၏ ၁၀ ကြိမ်နောက်၌ ဒုတိယအများဆုံးရရှိထားသည့် ကစားသမားအဖြစ် ရပ်တည်နေကြောင်း သိရသည်။

STA

# လာဇီယိုအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် မီလင်ကိုဗစ်ဆာဗစ်ကို အာဆင်နယ်အသင်း ခေါ်ယူရန် ကြိုးပမ်း




**လန်ဒန် မတ် ၃၁**

အာဆင်နယ် အသင်းသည် လာဇီယိုအသင်းနှင့်စာချုပ်သက်တမ်းတိုးရန် ကြန့်ကြာနေသည့်ကွင်းလယ်ကစားသမား မီလင်ကိုဗစ်ဆာဗစ်ကို ခေါ်ယူရန် ဥရောပထိပ်သီးကလပ်အသင်းများနှင့်အပြိုင် ကြိုးပမ်းလာကြောင်း Dailycannon.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ်ကစားသမား မီလင်ကိုဗစ်ဆာဗစ်သည် အသင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သောကြောင့် အသင်းအနေဖြင့် သက်တမ်းတိုးရန် ကြိုးပမ်းနေသော်လည်း ကစားသမားနှင့် ၎င်း၏ အေးဂျင့်ဖြစ်သူတို့က အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားပြီး တရားဝင်ကမ်းလှမ်းမည့် အသင်းကို စောင့်ဆိုင်းလျက်ရှိနေသည်။

လက်ရှိတွင် အာဆင်နယ်အသင်းအပါအဝင် ဥရောပထိပ်သီးကလပ်အသင်းများက လာဇီယိုအသင်းနှင့် စာချုပ်သက်တမ်းတစ်နှစ်သာ ကျန်ရှိတော့သည့် မီလင်ကိုဗစ်ဆာဗစ်ကို ပြောင်းရွှေ့ကြေးယူရို သန်း ၃၀ ဝန်းကျင်သာ ပေးချေရန် ဆန္ဒရှိနေပြီး လာဇီယိုအသင်းအနေဖြင့်လည်း စာချုပ်သက်တမ်းမတိုးနိုင်ပါက အလွတ်ပြောင်းရွှေ့ခွင့်မပြုနိုင်သောကြောင့် လာမည့်နွေရာသီတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၄ သန်း အနိမ့်ဆုံးဈေးနှုန်းရရှိပါက ရောင်းချသွားရန် စီစဉ်နေကြောင်း သိရသည်။

အာဆင်နယ်အသင်း နည်းပြ အာတီတာသည် ကွင်းလယ်ပိုင်း ထပ်မံဖြည့်တင်းရန် စီစဉ်နေပြီး မီလင်ကိုဗစ်ဆာဗစ်၏ စွမ်းဆောင်ရည်မှာ ၎င်း၏ကစားကွက်နှင့် ကိုက်ညီမှုရှိသဖြင့် နှစ်သက်သဘောကျနေသည့်အတွက် အသင်း၏ကွင်းလယ်ပိုင်းတွင် သောမတ်ပါတေးနှင့် ရေရှည်တွဲဖက်ကစားနိုင်ရန် လာမည့်နွေရာသီတွင် ခေါ်ယူနိုင်ရန် ပစ်မှတ်ထားနေပြီး စီးရီးအေကလပ် ဂျူဗင်တပ်အသင်းနှင့် အပြိုင်ကြိုးပမ်းရမည်ဖြစ်သော်လည်း ဂျူဗင်တပ်အသင်းအနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ရှုန်းကန်နေရသောကြောင့် အာဆင်နယ်အသင်းက လက်ဦးမှုရယူနိုင်ရန် သေချာလျက်ရှိသည်။ ML

# လီဗာပူးအသင်းနှင့်ကစားရမည့်အမှတ်ပေးပွဲစဉ်ကို ဟာလန်း လွဲချော်နိုင်ကြောင်း မန်စီးတီးထုတ်ပြန်

**မန်ချက်စတာ မတ် ၃၁**

တိုက်စစ်မှူး ဟာလန်းသည် ပြီးခဲ့သည့် ကြာသပတေးနေ့က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်ကို ဒဏ်ရာကြောင့် လွဲချော်ခဲ့ပြီးနောက် ဧပြီ ၁ ရက်တွင် ကစားရမည့် လီဗာပူးအသင်းနှင့် ပွဲစဉ်ကို လွဲချော်နိုင်သည်ဟု မန်စီးတီးအသင်းက ထုတ်ဖော်ပြောကြားခဲ့ကြောင်း Dailycannon.com က ယနေ့တွင် ဖော်ပြခဲ့သည်။

၎င်းသည် ပြီးခဲ့သည့် မတ် ၁၉ ရက်က ကစားခဲ့သည့် ဘန်လေအသင်းနှင့် အက်ဖ်အေဖလားကွာတားဖိုင်နယ်တွင် ရရှိခဲ့သည့် ပေါင်ခြံဒဏ်ရာကြောင့် ပွဲချိန် ၆၃ မိနစ်တွင် လူစားလဲထွက်ခွာခဲ့ရသော်လည်း အသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူ၍ အသင်းကိုခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိအောင် ကူညီပေးနိုင်ခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲကာလအတွင်း ယူရို ၂၀၂၄ ကစားမည့် နော်ဝေအသင်းအတွက် ပါဝင်ကစားပေးနိုင်ခြင်း မရှိသကဲ့သို့ လက်ရှိတွင်လည်း ကြံ့ခိုင်မှု မပြည့်ဝသောကြောင့် အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်ခြင်းမရှိသေးသဖြင့် လီဗာပူးအသင်းနှင့်ကစားရမည့် အမှတ်ပေးပွဲစဉ်ကို လွဲချော်နိုင်ဖွယ်ရှိသည်။

မန်စီးတီးအသင်းက "လက်ရှိမှာ တိုက်စစ်မှူး ဟာလန်းဟာ ဘာစီလိုနာမြို့ဆေးရုံမှာ ဒဏ်ရာကုသမှုပြုလုပ်နေပါတယ်။ သူ့အနေနဲ့ ကြံ့ခိုင်မှုမပြည့်ဝသေးတာကြောင့် ကြာသပတေးနေ့က လေ့ကျင့်ရေးအစီအစဉ်မှာ ပါဝင်နိုင်ခဲ့ခြင်းမရှိပါဘူး။ ဒီတစ်ပတ်မှာ ကစားရမဲ့ လီဗာပူးနဲ့ပွဲစဉ်ကိုလဲ ပါဝင်ဖို့ မသေချာတာကြောင့် တိုက်စစ်ပိုင်းအခက်အခဲတော့ရှိမှာပါ" ဟု ပြောကြားခဲ့သည်။

မန်စီးတီးအသင်းသည် ပရီးမီးယားလိဂ် အမှတ်ပေးပြိုင်ပွဲတွင် ရမှတ် ၆၁ မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေပြီး အမှတ်ပေးဇယားကို ဦးဆောင်နေသည့် အာဆင်နယ်အသင်းနှင့် တစ်ပွဲလျော့ ရှစ်မှတ်ကွာဟနေသောကြောင့် ပြိုင်ပွဲတိုင်းကို အာရုံစိုက်ကစားနေရကြောင်း သိရသည်။

ML

# မတ်လအတွက် ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးဆုများကို အာဆင်နယ်အသင်းမှ နည်းပြအာတီတာနှင့် တိုက်စစ်မှူးဆာကာတို့ရရှိ




**လန်ဒန် မတ် ၃၁**

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က လစဉ်ပေးအပ်သည့် မတ်လအတွက် ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံး ကစားသမားဆုများဖြစ်သည့် တစ်လတာအကောင်းဆုံးနည်းပြဆုကို အာဆင်နယ်အသင်းမှ နည်းပြ အာတီတာနှင့် တစ်လတာအကောင်းဆုံး ကစားသမားဆုလည်း အာဆင်နယ်အသင်းမှပင် တိုက်စစ်မှူး ဆာကာတို့က ဆွတ်ခူးနိုင်ခဲ့သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မတ်လအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုဆန်ခါတင်စာရင်းတွင် ဆာကာသည် အသင်းဖော် ထရိုဆက်၊ နယူးကာဆယ်အသင်းမှ အီဆက်၊ ဘရိုက်တန်အသင်းမှအဲလက်စတာ၊ အေဗီလာအသင်းမှ တိုင်ရွန်မန်းနှင့် လီဗာပူးအသင်းမှ ဆာလာဟ်တို့နှင့်အတူ ပါဝင်လာခဲ့ပြီး အသင်းဖော်ထရိုဆက်နှင့် ဆာလာဟ်တို့ကို ကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆာကာသည် မတ်လအတွင်း အာဆင်နယ်အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပွဲစဉ် လေးပွဲကစားခဲ့ရာတွင် သုံးဂိုးထိ သွင်းယူနိုင်ခဲ့ပြီး နှစ်ကြိမ်ဂိုးဖန်တီးမှု ပြုလုပ်နိုင်သည်ထိ ခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ အာဆင်နယ်အသင်းနည်းပြ အာတီတာသည်လည်း မတ်လအတွက် အကောင်းဆုံး နည်းပြဆု ဆန်ခါတင်စာရင်းတွင် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ၊ ဘရိုက်တန်အသင်းနည်းပြ ဒီဇာဘီနှင့် အေဗီလာအသင်းမှ နည်းပြအမ်မရီတို့နှင့် ပါဝင်လာခဲ့ပြီး နည်းပြ ဂွါဒီယိုလာကိုကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကာ မတ်လအတွင်း လေးပွဲတာဝန်ယူကိုင်တွယ်ခဲ့ရာ လေးပွဲစလုံး အနိုင်ရရှိအောင် စွမ်းဆောင် နိုင်ခဲ့ကြောင်း သိရသည်။ STA

# LA Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို မီဟောင်လီ ဦးဆောင်

**ကယ်လီဖိုးနီးယား မတ် ၃၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် LA Open ဂေါက်သီးရိုက်ပြိုင်ပွဲပထမနေ့အပြီးတွင် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် မီဟောင်လီက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေသည်ဟု GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ကင်မ်ဟိုဂျိုနှင့်အမေရိကန်ဂေါက်သီးရိုက်မယ် မီဂန်ကန်တို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

LA Open ဂေါက်သီးရိုက်ပြိုင်ပွဲပထမနေ့တွင် တိုက်ဆိုင်စွာဖြင့် အသက် ၃၀ နှစ် ပြည့်ခဲ့သည့် မီဟောင်လီအတွက် ၂၀၂၃ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် LPGA Tour ၌ ပထမဆုံး ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

မီဟောင်လီသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် LPGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ဆုဖလားနှစ်လုံးဆွတ်ခူးထားပြီး နောက်ဆုံးဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းမှာ ၂၀၁၇ ခုနှစ်က ဖြစ်သည်။

မီဟောင်လီက "အသက် ၃၀ ပြည့်တဲ့နေ့မှာပဲ ပြိုင်ပွဲဝင်ဖြစ်ခဲ့ပြီး အကောင်းဆုံးရလဒ်နဲ့အတူ အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့တယ်။ ပထမနေ့မှာ Bogey-free ရိုက်နိုင်ခဲ့တာဟာ ကျွန်မအတွက် ပြိုင်ပွဲဝင်တဲ့ကာလတစ်လျှောက် ရလဒ်အကောင်းဆုံးရခဲ့တဲ့နေ့လဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# မိုင်ယာမီအိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်သို့ ရိုင်ဘာကီနာ တက်ရောက်

**မိုင်ယာမီ မတ် ၃၁**

အမေရိကန်နိုင်ငံ မိုင်ယာမီတွင် ကျင်းပနေသည့် မိုင်ယာမီအိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့် အမေရိကန်တင်းနစ်မယ် ပယ်ဂူလာတို့ယှဉ်ပြိုင်ကစားခဲ့ရာ ရိုင်ဘာကီနာက (၇-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ကြောင်း WA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပယ်ဂူလာနှင့်ရိုင်ဘာကီနာတို့သည် ဗိုလ်စွဲရန်ရေပန်းစားနေသည့် ပြိုင်ပွဲဝင်ကစားသမားများဖြစ်ကြပြီး မိုင်ယာမီ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် စွမ်းဆောင်ရည်အကောင်းဆုံး ပြသထားနိုင်သည့် ပြိုင်ပွဲဝင်များဖြစ်ကြသည်။

ဆီမီးဖိုင်နယ်အဆင့် ပထမပွဲငယ်၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး Tie-Break ထိ ကစားခဲ့ရကာ ရိုင်ဘာကီနာက အနိုင်ရသွားခဲ့သည်။

ဒုတိယပွဲငယ်တွင် ရိုင်ဘာကီနာက အမှားနည်းခဲ့သည့်အတွက် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သည်။

ရိုင်ဘာကီနာသည် မကြာသေးမီက ကျင်းပခဲ့သော Indian Wells Masters တင်းနစ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီး မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပါက ပြိုင်ပွဲနှစ်ရပ်ဆက်တိုက်တွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်သွားမည်ဖြစ်သည်။

ရိုင်ဘာကီနာက "ပထမပွဲငယ်မှာတော်တော်လေးကို ပင်ပန်းခဲ့ပါတယ်။ ပယ်ဂူလာအနေနဲ့ ပထမပွဲငယ်မှာ ကစားသွားတာ အရမ်းကောင်းတယ်။ ကျွန်မအနေနဲ့ ဖိအားအောက် ရောက်ခဲ့တယ်။ ကျွန်မရဲ့ ထူးခြားချက်ကတော့ နောက်ကနေ လိုက်ကစားရတဲ့



အချိန်မျိုးမှာ စွမ်းဆောင်ရည်ပိုင်းက ပိုကောင်းလေ့ရှိတယ်။ ပထမပွဲငယ်မှာ Tie-Break ထိ ကစားခဲ့ရတယ်။ Tie-Break မှာလဲ အပြန်အလှန် ကစားခဲ့ရတယ်။ ပထမပွဲငယ်ကို ခက်ခက်ခဲခဲကစားခဲ့ရပြီးမှ အနိုင်ရရှိခဲ့တဲ့အတွက် ဒုတိယပွဲငယ်မှာ စိတ်ဓာတ်ပိုင်း ပိုမိုတက်ကြွလာခဲ့တယ်။ ဒါကြောင့်လဲ ဒုတိယပွဲငယ်မှာ ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရခဲ့တာပါ။ ဗိုလ်လုပွဲစဉ်ကို တက်ရောက်ခွင့်ရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့သည်။

ရိုင်ဘာကီနာသည် ဗိုလ်လုပွဲစဉ်တွင် ရုမေးနီးယားတင်းနစ်မယ် ဆိုရာနာနှင့် ချက်တင်းနစ်မယ် ကီတိုဗာတို့ပွဲစဉ်မှ အနိုင်ရရှိလာသည့်ပြိုင်ပွဲဝင်ဖြင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။ AZL

## စပိန်လာလီဂါ ပွဲစဉ် (၂၇) ပွဲကြိုသုံးသပ်ချက်များ

S T A

**ရီးရဲလ်မက်ဒရစ် Vs ဗယ်လာဒိုးလစ်**

**ကစားမည့်ရက်/အချိန် ၂-၄-၂၀၂၃ (ည ၀၈း၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗယ်လာဒိုးလစ် ၀ - ၂ ရီးရဲလ်မက်ဒရစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဗယ်လာဒိုးလစ် | - | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(ရှုံး) |

အမှတ်ပေးဇယားထိပ်ဆုံးက ဘာစီလိုနာအသင်းနဲ့ ရမှတ်ကွာဟမှုလျှော့ချနိုင်ဖို့အတွက် ရီးရဲလ်မက်ဒရစ်အသင်းအမှတ်ပြည့်ရရှိဖို့လိုအပ်နေပါတယ်။ လက်ရှိခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့ ဗယ်လာဒိုးလစ်အသင်းဟာ ရီးရဲလ်မက်ဒရစ်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့အတွက် ခက်ခဲနေမှာပါ။ ဒါကြောင့် ရီးရဲလ်မက်ဒရစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ရီးရဲလ်မက်ဒရစ် ၃ - ၀ ဗယ်လာဒိုးလစ်**

**ဗီလာရီးရဲလ် Vs ဆိုစီဒက်**

**ကစားမည့်ရက်/အချိန် ၂-၄-၂၀၂၃ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆိုစီဒက် ၁ - ၀ ဗီလာရီးရဲလ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | - | အိမ်(သရေ) | အိမ်(ရှုံး) | ဝေး(နိုင်) |
| ဆိုစီဒက် | - | ဝေး(သရေ) | အိမ်(သရေ) | အိမ်(နိုင်) |

အိမ်ကွင်းကစားပုံ မာကျောမှုရှိတဲ့ ဗီလာရီးရဲလ်အသင်းဟာ ဆိုစီဒက်အသင်းကို ဖိအားပေးကစားနိုင်မှာပါ။ ဆိုစီဒက်အသင်းကလဲ အသင်းလိုက်ကစားပုံမာကျောမှုရှိတယ်ဆိုပေမဲ့ အဝေးကွင်းဆိုရင်ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်ရှိတဲ့ ဗီလာရီးရဲလ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဗီလာရီးရဲလ် ၂ - ၁ ဆိုစီဒက်**

## ပြင်သစ်လီဂူး ပွဲစဉ် (၂၉) ပွဲကြိုသုံးသပ်ချက်

S T A

**မိုနာကို Vs စထရာဘော့**

**ကစားမည့်ရက်/အချိန် ၂-၄-၂၀၂၃ (ည ၀၉း၃၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စထရာဘော့ ၁ - ၂ မိုနာကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မိုနာကို | - | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(နိုင်) |
| စထရာဘော့ | - | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(နိုင်) |

မိုနာကိုအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေတယ်ဆိုပေမဲ့ အိမ်ကွင်းမှာတော့ စထရာဘော့အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးကစားနိုင်မှာပါ။ လက်ရှိ စထရာဘော့အသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းကလဲ စိတ်ချလို့မရဘဲ ရုန်းကန်နေရပါတယ်။ ဒါကြောင့် မိုနာကိုအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - မိုနာကို ၂ - ၀ စထရာဘော့**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၆) ပွဲကြိုသုံးသပ်ချက်

S T A

**ကိုလုံး Vs ဂလာဘတ်**

**ကစားမည့်ရက်/အချိန် ၂-၄-၂၀၂၃ (ည ၀၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂလာဘတ် ၅ - ၂ ကိုလုံး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ကိုလုံး | - | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ဂလာဘတ် | - | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(သရေ) |

နှစ်သင်းစလုံးနောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေတယ်ဆိုပေမဲ့ ကိုလုံးအသင်းကတော့ အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်ပါတယ်။ လက်ရှိ ဂလာဘတ်အသင်းရဲ့အဝေးကွင်းခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမဲ့ ကိုလုံးအသင်းပဲ အနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း - ကိုလုံး ၁ - ၀ ဂလာဘတ်**

# လူကုန်ကူးမှု ဘယ်လိုတားဆီးမလဲ (၂)

ရှေ့နေ-ဦးဝင်းကြည်(စဉ့်ကိုင်)

ကျေးပိုင်ကျွန်ပိုင်ခေတ်တွင် ကျေးကျွန်များသည် သခင်ခိုင်းသမျှ လုပ်ကိုင်ဆောင်ရွက်ရသည်။သခင် စေခိုင်းသမျှ လုပ်ကိုင်ဆောင်ရွက်ပေးခြင်းမရှိ၊ သခင်ကို တော်လှန်သူတို့အား အသက်သေဆုံးသည်ထိစီရင်ပိုင်ခွင့်ရှိကြသည်။ သခင်များသည် ကျေးကျွန်များ၏ သက်ဦးဆံပိုင်ဖြစ်သည်။ ကျေးပိုင်ကျွန်ပိုင်များသည် အင်အားကြီးထွားလာပြီး နယ်မြေများတိုက်ခိုက်သိမ်းပိုက်ချဲ့ထွင်ရာမှ သက်ဦးဆံပိုင်ပဒေသရာဇ်ခေတ်သို့ ပြောင်းလဲလာသည်။

ယခုခေတ် လူကုန်ကူးခံရသူများသည်လည်း ကျေးပိုင်ကျွန်ပိုင်ခေတ်က ကျေးကျွန်များကဲ့သို့ ငွေဝယ်ကျွန်ဖြစ်လာသည်။ ငွေရှင် သို့မဟုတ် လူကုန်ကူးသူများ၏အလိုကျ စေခိုင်းသမျှလုပ်ကိုင်ကြရသည်။ အချို့သော လူကုန်ကူးခံရသူများသည် အစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၏ ကူညီစောင့်ရှောက်မှုကြောင့် လူကုန်ကူးသူ(ငွေရှင်)ထံမှ လွတ်မြောက်လာသူများရှိသည်။ လူကုန်ကူးသူလက်ဝယ်ရှိ လူကုန်ကူးခံရသူများသည် ကောင်းကျိုးချမ်းသာ ခံစားရခြင်းထက် အဆိုးတရား လောကငရဲခန်းတွင် ဒုက္ခမျိုးစုံကြုံတွေ့ခံစားနေရသည်။

လူကုန်ကူးရာတွင် အဓိကအားဖြင့် ခေါင်းပုံဖြတ်ခြင်း၊ ပြည့်တန်ဆာအဖြစ်စေခိုင်းခြင်းနှင့်ကြွေးမြီဖြင့် နှောင်ဖွဲ့စေခိုင်းခြင်းများရှိသည်။ ပုဂ္ဂိုလ်တစ်ဦးသည် အခြားလူတစ်ဦးတစ်ယောက်(လူကုန်ကူးခြင်းခံရသူ)ကို ပြည့်တန်ဆာပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စပြုလုပ်ခြင်း၊ အဓမ္မအလုပ်စေခိုင်းခြင်း၊ ဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့စေခိုင်းခြင်း၊ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူခြင်း၊ ဖယ်ရှားခြင်း၊ ရောင်းချခြင်းကိုပြုစေရာမှ ငွေကြေးအကျိုးအမြတ် တစ်စုံတစ်ရာကို လက်ခံရယူခြင်း၊ လက်ခံရယူရန် သဘောတူခြင်း စသည်တို့သည် ခေါင်းပုံဖြတ်ခြင်းဖြစ်သည်။

ခေတ်သည်ပြောင်းလဲလာသည်နှင့်အမျှ တိုးတက်မှုများလည်း ပြောင်းလဲလာသည်။ တိုးတက်မှုဆိုရာတွင် မြန်မာတိုင်းရင်းသား ယဉ်ကျေးမှုဓလေ့များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများလည်း ပြောင်းလဲလာသည်။ အစဉ်အလာထိန်းသိမ်းစောင့်ရှောက်ခဲ့သော တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများ ပြောင်းလဲလာခြင်းသည် ရိုးရာယဉ်ကျေးမှုများအတွက် ကောင်းကျိုးထက် ဆိုးကျိုးကိုဖြစ်စေမည်။ ရှေးယခင် ခေတ်အဆက်ဆက်တွင် ပြည့်တန်ဆာလုပ်ငန်းတွင် မိန်းမများသာ လုပ်ကိုင်ကြသည်။ ယနေ့အချိန်ကာလတွင် ယောကျ်ားပြည့်တန်ဆာများလည်း ရှိနေသည်။ လိင်တူဆက်ဆံခြင်းများရှိလာသည်။ ဟီရိဩတ္တပ္ပတရား ကင်းမဲ့လာချေပြီ။ ငွေကြေးအကျိုးအမြတ် သို့မဟုတ် အခြားအဖိုးစားနားတစ်ခုခုအတွက် ကာမစပ်ယှက်ရန် သို့မဟုတ် ကာမရာဂစိတ်များပေါ်ပေါက်စေရန်အလို့ငှာ ပုဂ္ဂိုလ်တစ်ဦးဦးကို အခြားတစ်ဦးဦးက တစ်စုံတစ်ရာပြုလုပ် အသုံးပြုခြင်း၊ ဆက်ဆံခြင်း၊ အစီအစဉ်ချမှတ်ဆောင်ရွက်ခြင်း စသည်တို့ကို ပြည့်တန်ဆာပြုခြင်း၊ စေခိုင်းခြင်းဖြစ်သည်။

အချို့သောသူတို့သည် ငွေကြေးလိုအပ်ချက်အရ တစ်စုံတစ်ဦးထံ ငွေကြေးများချေးငှားရယူကြသည်။ ငွေကြေးအမြတ်အစွန်း(အတိုး)ယူပြီး ချေးငှားသူများရှိသည်။ ထိုသို့ ချေးငှားခြင်းသည် အပြစ်ဆိုဖွယ်ရာမရှိသော်လည်း အချို့ကား အကျိုးလို၍ ညောင်ရေလောင်းကာ ငွေကြေးချေးငှားသူများရှိသည်။ ထိုသူများသည် ကြွေးမြီအတွက်ပေးဆပ်ရမည့် ငွေကြေးတစ်စုံတစ်ရာအတွက် အမြတ်အစွန်း(အတိုး)မပေးရဘဲ ကြွေးမြီအတွက် အာမခံပေးသည့်အနေဖြင့် အချိန်ကာလသတ်မှတ်ကာ အလုပ်လုပ်ကိုင်ပေးကြရသည်များရှိသည်။ (ဥပမာ- လယ်ပိုင်ရှင်ကြီးထံမှ ငွေချေးငှားထားသည့် လယ်ယာလုပ်သားတစ်ဦးသည် မိမိကိုယ်ပိုင်လုပ်ငန်းကိုလည်း လုပ်ကိုင်နိုင်ပြီး လယ်ပိုင်ရှင်ကြီး၏ ကျွဲ၊ နွား စသည်များကို မွန်းလွဲပိုင်းတွင်ဖြစ်စေ၊ ညနေပိုင်းတွင်ဖြစ်စေ အစာကျွေးမွေးစောင့်ရှောက်ပေးရခြင်း စသည်ဖြစ်သည်)။

သို့သော်လည်း အချို့သောငွေကြေးအရင်းအနှီးစိုက်ထုတ်ထားသူတို့သည် ကြွေးမြီအတွက် ပေးဆပ်သည့်အနေဖြင့်ဖြစ်စေ၊ ကြွေးမြီအတွက်အာမခံပေးသည့်အနေဖြင့်ဖြစ်စေ အလုပ်လုပ်ကိုင်ပေးရမည့်ကာလနှင့် လုပ်ငန်းအမျိုးအစားတိကျမှုမရှိဘဲ ကြွေးမြီပြေကျေသည်ထိ သင့်လျော်သည့်လုပ်အားတန်ဖိုးသတ်မှတ်ချက်မရှိဘဲ အလုပ်လုပ်ကိုင်ပေးခြင်း၊ ဝန်ဆောင်မှုပေးစေခြင်း၊ ငွေရှင်စိတ်တိုင်းကျခြေတော်အတင်ခံရခြင်း စသည်များသည် ကြွေးမြီဖြင့်နှောင်ဖွဲ့စေခိုင်းခြင်းဖြစ်သည်။ လုပ်အားခေါင်းပုံဖြတ်ခြင်း၊ ပြည့်တန်ဆာပြုလုပ်ခိုင်းခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့စေခိုင်းခြင်းတို့သည် လူကုန်ကူးမှုကျူးလွန်ခြင်းဖြစ်သည်။

ကာမရာဂစိတ်နိုးကြွစေရန် ဖို၊ မ ဆက်ဆံမှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ လိင်အင်္ဂါအစိတ်အပိုင်းကိုဖြစ်စေ ပြသခြင်း၊ ရာဂစိတ်နိုးကြွစေရန် ကိုယ်အဝတ်အစားများချွတ်၍ အမူအရာပြုလုပ်ပြသခြင်း၊ ညစ်ညမ်းသည့် အမူအရာရုပ်ပုံများ၊ စာသားများ ရေးသား၍ ပုံနှိပ်ထုတ်ဝေခြင်း၊ ညစ်ညမ်းသော လိင်ဆက်ဆံမှုများကို ရုပ်ရှင်ရိုက်ကူးပြသခြင်း၊ ဓာတ်ပုံရိုက်ကူးထုတ်ဝေဖြန့်ဖြူးခြင်း၊ ခေတ်မီနည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ ပြသခြင်း၊ ပြုလုပ်ခြင်းများသည် ညစ်ညမ်းသည့်ပုံများ ပြသပြုလုပ်ခြင်းဖြစ်သည်။ ညစ်ညမ်းသည့်ပုံများ ပြသပြုလုပ်ရန်အတွက် လူကုန်ကူးခြင်းခံရသူကို စေခိုင်းခြင်း၊ လူကုန်ကူးခြင်းခံရသူကို ညစ်ညမ်းသည့်ပုံများ ပြသပြုလုပ်ရန်စီစဉ်ခြင်းပြုလုပ်လျှင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ-၂၇ အရ တရားစွဲဆိုခြင်းခံရမည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၇ အရ ညစ်ညမ်းသည့်ပုံပြသပြုလုပ်ရေးအတွက် လူကုန်ကူးခံရသူကို ခိုင်းစေခြင်း၊ စီစဉ်ခြင်းဖြစ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ငါးနှစ်မှ အများဆုံးထောင်ဒဏ် ၁၀ နှစ်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်ခြင်းခံရမည်။

လူကုန်ကူးမှုကျူးလွန်ရာတွင် တစ်ဦး တစ်ယောက်တည်း ကျူးလွန်သည်များရှိသကဲ့သို့ ဂိုဏ်းဖွဲ့ကျူးလွန်သူများရှိသည်။ လူကုန်ကူးမှုကျူးလွန်ရန်အတွက် ရည်ရွယ်ချက်မဲ့ ကြုံရာကျပန်း ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ရှိရှိဖြင့် ပုံစံတကျဖွဲ့စည်းထားသည်။ ထိုပုံစံတကျဖွဲ့စည်းထားသောအဖွဲ့တွင် အနည်းဆုံးအဖွဲ့ဝင်သုံးဦးပါဝင်ပြီး သုံးဦးနှင့်အထက်ပါဝင်၍ အချိန်ကာလသတ်မှတ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထိုအဖွဲ့သည် ငွေကြေး သို့မဟုတ် ပစ္စည်းနှင့်စပ်လျဉ်းသည့် အကျိုးအမြတ် တစ်စုံတစ်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရရှိရန် ဖွဲ့စည်းထားလျှင် လူကုန်ကူးမှု ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုဟု ခေါ်ဆိုသည်။ ထိုအုပ်စုတွင် အဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ၊ အဖွဲ့ဝင်အဖြစ် ဆက်လက်ရပ်တည်နိုင်ခွင့်နှင့် အုပ်စုတိုးချဲ့ဖွဲ့စည်းမှုအတွက် သတ်မှတ်ချက်များ နည်းလမ်းတကျရှိရန် မလိုအပ်ပေ။ လူကုန်ကူးမှု ဂိုဏ်းဖွဲ့ကျူးလွန်သည့်အဖွဲ့ဝင်ဦးရေများလျှင်များသလောက် လူကုန်ကူးပြစ်မှုများကျူးလွန်နိုင်ပေသည်။

ဥပမာ- အမျိုးသမီး တစ်ဦးတစ်ယောက်ကို လူကုန်ကူးမှုကျူးလွန်ရန် စီစဉ်ထားသူတို့သည် အမျိုးသမီးထံချဉ်းကပ်၍ ခင်မင်ရင်းနှီးမှုကို ရှေးဦးစွာရယူသည်။ ခင်မင်ရင်းနှီးရာမှ သံယောဇဉ်ရှိကြောင်း၊ မေတ္တာရှိကြောင်း စသည့်စကားများဖြင့် အချီလာကြသည်။ ရည်းစားစကားပြောဆိုခြင်း၊ စာပေးစာယူပြုလုပ်ခြင်းများပြုလုပ်လာသည်။ အဖော်ပါသူကလည်း ထိုသူ၏ စီးပွားရေးအခြေအနေ ကောင်းမွန်ကြောင်း၊ လုပ်ငန်းကြီးလုပ်ကိုင်ကြောင်း၊ အားကိုးထိုက်သူတစ်ဦးဖြစ်ကြောင်း စသည်အားဖြင့် ဘေးတီးပေးသည်။ ငွေကြေးများကို ဖောဖောသီသီသုံးစွဲပြသည်။ အမျိုးသမီးက အမှန်တကယ်မေတ္တာစစ်ဖြင့် ချစ်ကြိုက်သည်ဟုယုံကြည်ပြီး ကောင်းကောင်းမွန်မွန် မင်္ဂလာဆောင်သည်။ အမျိုးသားနေထိုင်ရာသို့ လိုက်ပါနေထိုင်ရန်ခေါ်ယူပြီး အခကြေးငွေ အမြတ်အစွန်းရယူ၍ ရောင်းစားလိုက်သည်။ ထိုအခါမှ အမျိုးသမီးသည် လူကုန်ကူးခြင်းခံလိုက်ရကြောင်း သိလိုက်ရသည်။ အချိန်နှောင်းသွားပေပြီ။ လာရောက်ကူညီကယ်တင်စောင့်ရှောက်မည့်သူများကို စောင့်ဆိုင်း၍ ဘဝကို ရင်ဆိုင်ရန်သာရှိသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၄ ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုဖြင့် လူကုန်ကူးမှုကျူးလွန်လျှင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၈(က) အရ တရားစွဲဆိုခြင်းခံရမည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၈(က) အရ ပြစ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် နှစ် ၂၀ မှ အများဆုံးထောင်ဒဏ်တစ်သက်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်ခြင်းခံရမည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၅၊ ပုဒ်မ-၂၆ နှင့် ပုဒ်မ-၂၇ ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုဖြင့် လူကုန်ကူးမှုကျူးလွန်လျှင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ-၂၈(ခ) အရ တရားစွဲဆိုခြင်းခံရမည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ-၂၈(ခ) အရ ပြစ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူများကို အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ခြင်းခံရမည်။

လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုတွင် အဖွဲ့ဝင်ဖြစ်ကြောင်း ပေါ်ပေါက်လျှင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ - ၂၈ (ဂ) အရ တရားစွဲဆိုခြင်းခံရမည်။ ထိုသူသည် ပြစ်မှုကျူးလွန်ရာတွင် ကိုယ်တိုင်ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ - ၂၈ ပုဒ်မခွဲ(က) အရ သို့မဟုတ် ပုဒ်မခွဲ(ခ)ပါ ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။ (အနည်းဆုံးထောင်ဒဏ် နှစ် ၂၀ သို့မဟုတ် ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ခြင်းခံရမည်။) ကြီးလေးသောပြစ်မှုဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ် လေးနှစ်နှင့်အထက် ပြစ်ဒဏ်ထိုက်သင့်သည့်ပြစ်မှုကို ဆိုလိုသည်။

လူကုန်ကူးမှုကျူးလွန်သူသည် လူကုန်ကူးမှုကျူးလွန်ခြင်းခံရသူ(အမျိုးသမီး)ကို အလိုမတူဘဲ သားမယားအဖြစ် ဆက်ဆံခြင်းသည် မုဒိမ်းမှုကျူးလွန်ခြင်းဖြစ်သည်။ မုဒိမ်းမှုကျူးလွန်သူသည် တည်ဆဲရာဇသတ်ကြီးဥပဒေအရ ထောင်ဒဏ်လေးနှစ်အထက်ပြစ်ဒဏ်ထိုက်သောအမှုဖြစ်သည်။ လူကုန်ကူးခြင်းခံရသူ(အမျိုးသမီး)ကို မုဒိမ်းမှုကျူးလွန်သူသည် လူကုန်ကူးမှုကျူးလွန်ရာတွင် ကြီးလေးသောပြစ်မှုကိုလည်း ကျူးလွန်ခြင်းဖြစ်သည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ - ၂၉ ကို ကျူးလွန်ခြင်းဖြစ်သည်။ ထို့အတူ လူကုန်ကူးမှုကျူးလွန်သူသည် လူကုန်ကူးခြင်းခံရသူက စေခိုင်းသည်ကိုပြုလုပ်ရန် ငြင်းဆန်သည့်အခါ အနိုင်အထက်ပြုမူတတ်သည်။ ထို့အတူ ထွက်ပြေးသည့်အခါ ဖမ်းဆီးချုပ်နှောင်ထားတတ်သည်။ ထို့ပြင် အခြားသောနည်း တစ်နည်းနည်းဖြင့် လူကုန်ကူးမှုကျူးလွန်ရာတွင် ကြီးလေးသောပြစ်မှုကို ကျူးလွန်ကြသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ - ၂၉ ကို ကျူးလွန်ခြင်းဖြစ်သည်။

လူကုန်ကူးမှုကျူးလွန်ရာတွင် ကြီးလေးသောပြစ်မှုကိုလည်း ကျူးလွန်ကြောင်းပေါ်ပေါက်ပါက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ-၂၉ အရ တရားစွဲဆိုခြင်းခံရမည်။ လူကုန်ကူးမှုကိုကျူးလွန်ရာတွင် ကြီးလေးသောပြစ်မှုကိုလည်း ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်ထိဖြစ်စေ၊ သေဒဏ်ထိဖြစ်စေ ချမှတ်ခြင်းခံရမည်။

လူကုန်ကူးခြင်းခံရသူများတွင် အမျိုးသမီးများနှင့်လူငယ်များသည် အများဆုံးဖြစ်သည်။ အမျိုးသမီးများသည် ကြီးပွားတိုးတက်လိုကြသည်။ လူငယ်များသည် လူငယ်သဘာဝအရ စူးစမ်းလိုသောစိတ်ဆန္ဒရှိကြသည်။ ထို့ကြောင့် အပြောကောင်းသူများ၊စည်းရုံးရေးကောင်းသူများနှင့် တွေ့ဆုံသည့်အခါ စိတ်ပါဝင်စားပြီး စွန့်စားလိုစိတ်ရှိကြသည်။ နိုင်ငံရပ်ခြားရေခြားမြေခြားသို့ သွားရောက်အလုပ်လုပ်ကိုင်လိုကြသဖြင့် မမျှော်လင့်ဘဲ လူကုန်ကူးခြင်းခံရသူများရှိသည်။ လူကုန်ကူးခြင်းခံရသဖြင့် အမျိုးသမီးများ၏ ဘဝနစ်မွန်းရသည်။ လူငယ်များပညာသင်ယူရန် အခွင့်အလမ်းများ ဆုံးရှုံးရသည်။ အနာဂတ် သားကောင်း၊ သမီးကောင်းရတနာ လူသားအရင်းအမြစ်များ ဆုံးရှုံးနစ်နာရသည်။ လူကုန်ကူးသူများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ စုံစမ်းဖော်ထုတ်ပြီး ထိရောက်စွာအရေးယူအပြစ်ပေးခြင်းအားဖြင့် အမျိုးသားအကျိုးစီးပွား ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း စေတနာရှေ့ထား ရေးသားတင်ပြအပ်ပါသည်။

❖ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုတွင် အဖွဲ့ဝင်ဖြစ်ကြောင်းပေါ်ပေါက်လျှင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ - ၂၈ (ဂ) အရ တရားစွဲဆိုခြင်းခံရမည်။ ထိုသူသည် ပြစ်မှုကျူးလွန်ရာတွင် ကိုယ်တိုင်ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၈ ပုဒ်မခွဲ(က) အရ သို့မဟုတ် ပုဒ်မခွဲ(ခ)ပါ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။ (အနည်းဆုံးထောင်ဒဏ် နှစ် ၂၀ သို့မဟုတ် ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်ထိ ချမှတ်ရမည့် အပြင် ငွေဒဏ်လည်းချမှတ်ခြင်းခံရမည်။) ကြီးလေးသောပြစ်မှုဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်လေးနှစ်နှင့်အထက် ပြစ်ဒဏ်ထိုက်သင့်သည့်ပြစ်မှုကို ဆိုလိုသည်။ ❖

# Ceremonies to hoist jewelled diamond orb, pennant-shaped vane, consecrate Lawkananda Pagoda in Sittway of Rakhine State



Senior General Min Aung Hlaing and Daw Kyu Kyu Hla among those conveying the jewelled diamond orb and the pennant-shaped vane atop the pagoda by decorated float.



Senior General Min Aung Hlaing fixes the jewelled diamond orb atop the pagoda.

**Nay Pyi Taw March 31**

Ceremonies to hoist a jewelled diamond orb and pennant-shaped vane atop Lawkananda Pagoda were held in conjunction with the consecration in Sittway of Rakhine State this morning, attended by Joint Secretary of the State Sangha Maha Nayaka Committee Presiding Patron of Pariyatti Dhammikarama Buddhist Learning Centre in Minbya Agga Maha Saddhamma Jotikadhaja Agga Maha Gandhavasaka Pandita Bhaddanta Indacariya Minbya Sayadaw and members of the Sangha.



Senior General Min Aung Hlaing and Daw Kyu Kyu Hla sprinkle scented water on the jewelled diamond orb and the pennant-shaped vane atop the pagoda.

Also present at the ceremony were Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, wife Daw Kyu Kyu Hla, Council Joint Secretary Lt-Gen Ye Win Oo and wife, SAC members and their wives, Union ministers, the chief minister of Rakhine State and wife, the Chief of the General Staff (Army, Navy and Air) and wife, senior military officers of the Office of the Commander-in-Chief and their wives, the commander of Western Command, invited guests, officers, other ranks and families, religious associations and local people.

The Senior General, wife Daw Kyu Kyu Hla and party paid homage to the Buddha image in the cave of the pagoda and offered alms in the emerald alms bowl, flowers, water and oil light.

The ceremony was opened with three-time recitation of Namo Tassa. Disciples recited Ratanatapuja Gatha and Sabbasangahaka verse to disperse Metta. The Senior General, wife and attendees took the Nine Precepts from Minbya Sayadaw, and members of the Sangha recited Paritta.

Disciples offered Paritta flowers, water, threads and sand to members of the Sangha. They then listened to Parittas recited by members of the Sangha.

The disciples took Paritta flowers, water, threads and sand and scattered around the precinct of the pagoda.

The Senior General and his wife offered the jewelled diamond orb and the pennant-shaped vane dedicated to the Lord Buddha to members of the Sangha and donated offerings to venerable Sayadaws. The SAC Joint Secretary,

*See Page 13*

# We haven't seen indictment, says Trump lawyer

**Washington March 31**

Donald Trump's lawyer has said the ex-president's legal team has not seen the indictment against him and has only media reports to go on.

Joe Tacopina was speaking after a grand jury voted to indict Mr Trump in connection with a $130,000 pay-out to porn star Stormy Daniels.

Mr Trump's legal team did not know about the indictment until Thursday evening, Mr Tacopina told CBS.

He blamed "political persecution" for the grand jury's decision.

Mr Trump is expected to appear in court to face the charges and enter a plea in New York, reportedly next Tuesday.

He will not be put in handcuffs when he does, Mr Tacopina told ABC News.

He added: "I understand they're going to be closing off blocks around the courthouse, shutting down the courthouse."

On Friday morning, the streets around the courthouse were calm but the barricades were going up in anticipation of what may come next week.

The police were on patrol and security plans being put into place. Many expect the area to go into lockdown when the former president attends court.

BBC

# Madhya Pradesh: At least 35 die after falling into a well

**Bhopal March 31**

At least 35 people have been killed after falling into a well while offering prayers at a temple in the central Indian state of Madhya Pradesh.

Fourteen others have been rescued and one person is still missing in the accident that took place in Indore city.

Police said the victims were standing on a concrete slab over the well when it collapsed under their weight.

Prime Minister Narendra Modi said he was "extremely pained by the mishap".

The incident took place on Thursday during a prayer ceremony organised at Beleshwar Mahadev Jhulelal temple on the occasion of Hindu festival of Ram Navami.

A large crowd of devotees were standing on the concrete slab covering the well which collapsed under their weight, plunging dozens of people into the almost 40ft (12m) deep well.

Local media reported that the temple was constructed after the well had been covered about four decades ago.

Senior official Illayaraja T told ANI news channel that 18 people were admitted to the hospital after being rescued and two people have been discharged so far. He added that a search operation is still underway to find the missing person.

A team of 75 personnel, including those from the state and national disaster response forces are engaged in rescue efforts.

BBC

*From Page 12*

SAC members and Union ministers together with attendees offered alms to members of the Sangha.

Presiding Patron of Dhamma Thukha of Sittway Agga Maha Pandita Agga Maha Saddhamma Jotika Bhaddanta Soma delivered a sermon, followed by sharing of merits.

The Senior General, wife and party conveyed the jewelled diamond orb and the pennant-shaped vane by the decorated palanquin round the pagoda clockwise and sent them to the temporary site in front of the Maha Mingala pavilion. At the auspicious time, the wife of the Senior General, party and attendees conveyed a jewelled diamond orb and the pennant-shaped vane atop the pagoda by the decorated float. The Senior General and party fixed the jewelled diamond orb and the pennant-shaped vane atop the pagoda and sprinkled scented on them. Then, they performed rituals of golden and silver showers to mark successful completion of the hoisting ceremony.

Before the consecration ceremony, the Senior General and his wife presented cash for offering gold foils to the whole structure of the pagoda to Rakhine State Advocate-General U Hla Thein and Chairman of the pagoda board of trustees U Maung Thein Khaing.

Members of the Sangha consecrated the pagoda and recited Buddha Sasanam Ciram Titthatu three times at the concluding ceremony. They performed rituals of golden and silver showers to mark successful completion of the hoisting ceremony.

The Senior General, wife and party paid homage to the Cakkamuni Buddha image in the Cakkamuni ordination hall, offered alms in the emerald alms bowl, flowers, water and oil light and gave instructions on the long-term existence of the image and beatifying tasks to officials.



Senior General Min Aung Hlaing and Daw Kyu Kyu Hla Pay homage to the Buddha image.





Senior General Min Aung Hlaing, Daw Kyu Kyu Hla and congregation take the Nine Precepts from Sayadaws.



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer alms to a Sayadaw.

After the ceremonies, the Senior General, wife and attendees offered day meals to members of the Sangha and served the guests with a lunch.

Lawkananda Pagoda is located at the junction of Meyu and the mining department road in Yenwesu Ward of Sittway. Its construction was contributed by well-wishers led by Chairman of the State Peace and Development Council Senior General Than Shwe from 18 February 1995. The golden umbrella was hoisted atop the pagoda on 28 February 1999 and consecration on 2 March. "Lawkananda" means paying homage to the Buddha by human, celestial beings and Brahma abodes. The pagoda is 162 feet with 232 feet in circumference on 459 square feet of terrace, encircled by eight Cetis. Four archways of the pagoda were decorated with ancient Rakhine artistic works and the interior of the wall was decorated with 550 Jataka of the Lord Buddha. Four Buddha images namely Kasusanda, Konagamana, Kassapa and Gotama on marble thrones are magnificently placed in four dimensions in the cave. Currently, well-wishers led by the Senior General renovated the pagoda including the interior of the cave for long-term existence, and the jewelled diamond orb and the pennant-shaped vane were successfully hoisted atop the pagoda successfully today. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers speech to Rakhine State Government, state-level departmental officials



Senior General Min Aung Hlaing meets Rakhine State government and departmental officials.

**Nay Pyi Taw March 31**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered a speech to the Rakhine State Government and state-level departmental officials at the meeting hall of the state government this afternoon.

Also present at the meeting together with the Senior General were Joint Secretary Lt-Gen Ye Win Oo and members of the SAC, union ministers, Chief Minister of Rakhine State U Htein Lin, the Chief of General Staff (Army, Navy, Air), senior officers from the Office of the Commander-in-Chief of Defence Services, Commander of the Western Command Maj-Gen Htin Latt Oo, members of the Rakhine State Government and state-level departmental officials.

**Regional information and development reported**

First, the chief minister reported to the Senior General on regional information, stability and development, opening universities, colleges and basic education schools and tasks being carried out for educational development, opening industrial, agricultural and livestock breeding training schools, provision of healthcare services, opening sports courses in the summer, measures taken for development of the electricity sector, operations of airlines and the need to extend more flights, border trade, efforts exerted for development agriculture and livestock breeding, construction of reservoirs and dam, electric river water pumping projects, agriculture and livestock breeding development tasks to be carried out with the use of the state economic promotion fund, measures taken for local cattle and pig breeding under the cooperative system and offering investment loans from the state economic promotion fund.

Then, state level departmental officials reported to the Senior General on combat against illicit trade, suppression of narcotic drug, the needs to construct student hostels in Sittway Computer University and Sittway Technological University, the needs to upgrade some hospitals to enable them to provide more healthcare services, development of the agriculture sector, boosting per-acre yields, measures taken for sufficient supply of inputs, upgrading tasks of roads for improvement of the transportation sector in Rakhine State and extension of power lines and power stations.

**Officials respond to reports on respective sector**

Union ministers and deputy ministers responded to reports on respective sectors including dredging and preventing of bank erosion of for conservation of water resources in Rakhine State, operations of five airlines in Rakhine state and plans to operate more flights after studying the actual needs, measures taken to resume voyages of vessels, efforts being made to add train carriages due to the increasing number of train passengers, tasks to be carried out by state-level officials for agricultural development, creations of opportunities for farmers, offering technologies and machinery and the needs to transform the farming system into the mechanized farming system, the needs for state-level officials to scrutinize and facilitate land use and permission for the development of livestock breeding, prevention of illegal exploitation of forest resources and conservation of trees and forests, conducting field trips to take population census in Rakhine state, the needs for state and regional level departments to cooperate in tasks like Pankhin project, measures taken to provide infrastructures and equipment necessary to upgrade education and health in Rakhine State and the needs for departments to cooperate in regional security and stability affairs in Rakhine state.

**Government employees required to serve interests of citizens**

Then, the Senior General delivered a speech, saying departmental officials are performing duties on behalf of the government. Government employees and departments are individuals and agencies that bridge the gap between the government and the people. Government employees are required to serve the interests of citizens. Having experience and skills about related tasks, government employees are urged to make concerted efforts for regional development tasks of the state in which they are assigned duties. **Government employees are required to perform duties in accordance with provisions for government employees in the constitution and to be loyal to oneself, one's department and one' colleagues and the State.** The government is not a political entity but a government which is serving the interests of the country. Being government employees, it is necessary for all to serve the interests of the country rather than involvement in politics. Duties must be performed in accordance with rules and regulations. The constitution stipulates that government employees are prohibited from involvement in party politics.

The SAC has adopted and is implementing future tasks and objectives for the all-round development of the country. Government employees are responsible for implementation of the future tasks and objectives. If duties are performed to serve the interests of the people and the country, tasks will be successfully carried out. Therefore, duties must be performed with the aim of successfully carrying out the tasks.

**Political objective**

Our political objective is to build a Union based on democracy and federalism with a view to ensure genuine, disciplined multi-party democracy. The previous Tatmadaw government took measures to adopt multi-party democracy as people aspired. **Democracy means governing a country in accord with law, discipline and the will of a majority of people. Despite the will of a majority of people, everything must be done in accord with law. We cannot go by taking the wrong concept that "We in favour of the majority read "ကျွဲ"(Kywe) in place of "ဤ"(Ei).** Federalism means power sharing. In all the regions and states, an appropriate share of power must be exercised. As such, what the Union and other regions and states need to do must be discussed and decided after reviewing requirements. When it comes to the right to federalism, it is found that the laws, rules and procedures the Union, regions/states and self-administrative zones need to adopt and enact have not come. During our term, we will try as much as possible for democracy and sharing of federal powers

As for peace, we are making peace efforts based on the constitution (2008) and the NCA. **Peace talks with the ethnic armed organizations are picking up speed. And there have been positive results from discussions.** The constitution has already been approved through a national referendum and it is a pledge made for the people. The NCA is a pledge among the government, EAOs and international organizations. We are continuing our peace efforts based on the constitution and NCA.

**National objective**

Our national objective is to ensure national prosperity and food security. Prosperity comes from peace and stability and national economic development. Food security is important and people's living conditions must be good. We are arranging for enough water supply in Sittway. The State is working to provide enough drinking water for the whole country. Rakhine State has enough rainfall. Provision of enough food in a country will lead to national progress. This is why, any acts harming State peace and stability must be thwarted.

*See Page 15*

*From Page 14*

In this context, a conflict might have resulted from different political ideologies or different ideologies in terms of ethnicity or race. Different political ideologies were born together with the independence. Different ideologies over ethnic affairs have stemmed from inequality in the ethnic areas.

The constitution (2008) gives equal rights to the ethnic groups. The regions and states have same levels. So, it is necessary to promptly solve the problem of different ideologies over ethnic affairs.

**Build lasting peace**

We are trying to address the internal armed conflict in accord with the law. Our country belongs to ASEAN, BIMSTEC and the United Nations. We must have good relations with our neighbouring and friendly countries. We are acting with restraint so that the international community cannot misunderstand our country. **The door is always open to peace if they honestly come to discuss for State peace and stability and in the national and public interests.** With the prevalence of peace and stability in the whole country, we can make a greater effort for national development. **Building peace for the good of the entire people requires two basic factors: the constitution (2008) and the NCA.** The constitution prescribes rights for the ethnic minorities. The constitution had started drafting at the national convention since 1993. It is now three decades old. To go with times, we need to make amendments as necessary in accord with the constitution without harming Our Three Main National Causes. The NCA also carries good points of political, social and peace affairs.

The participation of the entire people is required in seeking lasting peace. **Any ethnic armed organizations craving for peace have been invited to peace talks.** We ourselves are meeting and discussing with the ethnic armed organizations. **They need to participate in the country's peace efforts in the interests of their own country, region and people.**

**Rule of Law**

Everybody likes to have the rule of law. We are just taking the responsibilities in accordance with the law. It is necessary to be in accordance with the law when moving forwards to democracy. It is learnt that according to the statistics, Rakhine State has a big number of crimes. Law enforcement measures are to be systematically taken in accordance with the rule of law.

**Education promoted for development of human resources**

It is learnt that Rakhine has a low rate in completion of basic education with a big gap of education. Being weak in education causes lack of knowledge to people as well as less development of the region. 60 percent of the population is under the fifth grade in education, which means it is a state of risk for the country. Therefore, to uplift the education of the entire nation, measures are being taken to ensure that every student will pass KG+9 Grade at school. There will be weaknesses in taking measures due to lack of knowledge and skill. Rakhine has good natural resources. If agriculture and livestock farming businesses are operated based on those resources, there will be development of commodity production helpful to the regional development. To do so, good human resources are needed. Therefore, agriculture and livestock courses are being conducted at high schools in 50 districts for development of human resources. Those who have completed such courses could join institutes of agriculture, livestock and mechanical and then could have further studies at relevant universities and colleges. It is necessary for the students to apply what they learnt at school in the practical field.

**Businesses based on agriculture and livestock given encouragement**

Rakhine State has already had opportunities to be grasped for success in the regional economy. It is necessary to find ways to ensure successful agriculture businesses. For water necessary for agricultural business, there are sources of pumping water from rivers and underground water. It is necessary to ensure success in the agricultural industry in Rakhine State with an increase in the per-acre yield. Expansion of Mung bean and black gram cultivation in intercropped crops will be helpful to export items as well as the regional interests.

Regarding the livestock sector, there is no appropriate growth in the sector due to lack of systematic farming. If livestock farming is systematically operated, there will be an increase in livestock products. In Rakhine State, there are chances to successfully operate fish and prawn farming businesses not only for domestic consumption but for exports. The State will give a hand to the livestock farming industry. I would like local people to work together with the departmental officials in fish and prawn farming businesses.

**Enforcing rules and system**

In terms of border trade, it is necessary to be systematic in import of goods. As there might be illegal trade, supervisory and scrutiny measures are to be taken to ensure no illegal trade routes. Regarding traffic rules enforcement, it is learnt that those who commit crimes are using unlicensed cars and bikes. Therefore, special attention is to be given to take measures not to have use of unlicensed cars and bikes as well as trade of them. Use and trade of unlicensed vehicles causes loss of tax to the State. It is necessary to properly take measures in registering vehicles. Directives have been given to take measures to change the license plate in April instead of the end of March. In traffic rules, it is learnt that traffic rules are not followed. Streets are seen not being in accordance with the characteristics of a street. It is also learnt that vendors are selling their goods without rules. Because of such acts, car accidents could occur. Therefore, officials concerned are to take measures to ensure that roads and streets will be in accordance with their characteristics.

In expanding urban areas, it is necessary to have systematic calculation to ensure characteristics of a city. As Rakhine is a region having hot weather, it is necessary to plant shade trees as a national responsibility to make the environment green.

**Development of tourism industry**

Rakhine is a region having much potential for tourism. It has a world famous beach such as Ngapili and MarukU Heritage Region as well. If measures to keep the beauty of the region, peace and stability and transport and communications are taken, tourism industry can be maintained and there might be income for the region. Plans are being made and implemented to expand airports in Rakhine State. During the period we are taking the responsibilities, we will do it as much as we can. If locals participate in sector-wise projects and work together, Rakhine State will enjoy much development.

Afterwards, the Senior General presented foodstuffs for the Government of Rakhine State and departmental personnel through Dr. Zaw Tun, Vice-Rector of Sittway and U Kyaw Win Oo, head of Rakhine State General Administration Department.

Later, the Senior General inspected construction measures being taken for the people to relax along the seaside road in Sittway and gave necessary instructions. 100

# Yangon Region to operate more than 1,000 buses from over 60 YBS bus lines during Maha Thingyan festival



A previous Thingyan Festival.

**Yangon March 31**

More than 1,000 buses from over 60 YBS bus lines will be run during the Maha Thingyan festival in Yangon Region, said joint secretary U Lyan Cint Mang of YRTC.

These buses will be operated Yangon Region from Thagyan Akya Day to the New Year Day. All buses will run as usual from 18 April.

"Up to Akyo Day, more than 4,000 buses from over 100 bus lines will operate their transportation duties. As from Akya Day, over 1,000 buses from more than 60 bus lines will run. All transportation service will be usual on 18 April," he added.

YRTC decided to take action against those who collect extra bus fares, drink in driving, rudely contact passengers and recklessly drive buses during the Maha Thingyan period. ASH

# Bird nests to be kept at mangrove forests in Yanbye Island of Rakhine State

**Yanbye March 31**

Bird nests will be kept at mangrove forests around Kyaungtaung, Tanphokha hilly area and Maungkya Lake near Laytaung of Yanbye Island in Rakhine State for prevention of extinction of bird species, said U Yan Naung Soe, Chairman of Rakhine natural conservation body.

A total of 1,200 bird nests will be placed at mangrove forests and hilly areas in Laytaung of Yanbye Island in Rakhine State so as to prevent extinction of bird species.

"Keeping bird nests aim to protect the bird species by hanging the nests at trees and conserving the environment. We take examples from similar event on Chin hills," said U Yan Naung Soe.

Construction of bird nests started in the second week of March, and these nests will be hung at the designated places in the fourth week of March.

As part of raising the public awareness for conservation of bird species, a Chin national organization hung some 4,000 bird nests on the Chin hill. Hence, those from Rakhine State try to do same moves in their natives.

Some hunters kill migratory birds in Rakhine State. So, some rare bird species face critically endangered ones, according to the environmental conservationists. ASH





ရခိုင်ပြည်နယ် စစ်တွေမြို့ကျက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီးအား သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ လောကာနန္ဒာ စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် အလှူငွေများကိုပေးအပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ငွေမိုးများ ရွာသွန်းဖြိုးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်စဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

အလှူငွေများကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်သိန်းခိုင်တို့က လက်ခံရယူကြသည်။

ဆက်လက်ပြီး သံဃာတော်အရှင်သူမြတ်များက စစ်တွေမြို့ ကျက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မဟာမင်္ဂလာအခမ်းအနားကိုရုပ်သိမ်းခဲ့သည်။ ယင်းနောက် မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးအဖွဲ့ဝင်များသည် စကြာမုနိသိမ်တော်မြတ်ကြီးအတွင်းရှိ စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ဆီမီးများ ကပ်လှူပူဇော်၍ စကြာမုနိသိမ်တော်မြတ်ကြီးနှင့် စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အခမ်းအနားများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

အဆိုပါ ရခိုင်ပြည်နယ် စစ်တွေမြို့ ကျက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီးသည် စစ်တွေမြို့ ရဲနွယ်စုရပ်ကွက် မေယုလမ်းနှင့် သတ္တဗြာနလမ်းဆုံ၌ တင့်တယ်သပ္ပာယ်စွာတည်ရှိလျက်ရှိပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှူးပြုသည့် စေတနာရှင်အလှူရှင်များက ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှစ၍ တည်ထားကိုးကွယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကာ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ရွှေထီးတော်တင်မဟာမင်္ဂလာအခမ်းအနားနှင့် မတ် ၂ ရက်တွင် စေတီတော်ကြီး အနေကဇာတင်အခမ်းအနားတို့ကို ကျင်းပပြုလုပ်ပြီးခဲ့ကြောင်း၊ **"လောကာနန္ဒာ"** ဟူသည့်အဓိပ္ပာယ်မှာ လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောကတို့၏ ကိုးကွယ်ဆည်းကပ်ပူဇော်ရာဟူ၍ အဓိပ္ပာယ်ရကြောင်းနှင့် စေတီတော်ကြီးမှာ ဉာဏ်တော်အမြင့် ၁၀၈ တောင်၊ ပေအားဖြင့် ၁၆၂ ပေ၊ အချင်း ၂၃၂ ပေ၊ ရင်ပြင်တော်အကျယ် ၄၅၉ ပေရှိပြီး အခုံစေတီတော် ရှစ်ဆူရှိကြောင်း၊စေတီတော်၏ မုခ်ပေါက်လေးဖက်ကို ရှေးဟောင်းရခိုင်လက်ရာပုံစံများနှင့် ကျောက်ကိုထွင်းဆစ်ပြုလုပ်ထားပြီး အတွင်းနံရံလေးဖက်တွင် ဗုဒ္ဓမြတ်စွာဘုရား၏ ဖြစ်တော်စဉ် ၅၅၀ ဇာတ်နိပါတ်တော်များကို မြန်မာမှုပန်းတမော့လက်ရာ ရုပ်လုံး၊ရုပ်ကြွများဖြင့် ကျောက်ဆစ်အနုလက်ရာပြောင်မြောက်စွာထွင်းထုထားရှိကြောင်း၊ လိုဏ်ဂူတော်အတွင်းတွင် အရပ်လေးမျက်နှာသို့ မျက်နှာမူနေသည့် ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ကဿပဘုရား၊ ဂေါတမဘုရားရှင်တို့၏ ကြေးသွန်းဆင်းတုတော်လေးဆူမှာ ရခိုင်ရှေးခေတ်လက်ရာ ပုံစံများဖြင့်ထုဆစ်ထားသည့် ကျောက်သားပလ္လင်များပေါ် တွင် သပ္ပာယ်စွာကိန်းဝပ်စံပယ်တော်မူလျက်ရှိကြောင်း၊ စေတီတော်ကြီးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ စေတနာရှင်အလှူရှင်များက ခေတ်အဆက်ဆက်ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့ကြကြောင်း၊ ယခုအခါတွင်လည်း စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အမှူးပြုသည့် ခုနစ်ရက် သားသမီး စေတနာရှင်အလှူရှင်များစုပေါင်း၍ စေတီတော်ကြီးအတွင်း လိုဏ်အပါအဝင် ဘက်စုံ ပြုပြင်မွမ်းမံခဲ့ကြခြင်းဖြစ်ကြောင်းနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့တွင် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

**နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ရည်ရွယ်၍ ရိုးသားစွာဖြင့် မိမိတို့နှင့် လာရောက်ဆွေးနွေးမည်ဆိုပါက ငြိမ်းချမ်းရေးအတွက် အမြဲတံခါးဖွင့်ထား. . .**

**ငြိမ်းချမ်းရေးကိုလိုလားသည့် မည်သည့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုမဆို ငြိမ်းချမ်းရေးဆွေးနွေးရန်ဖိတ်ခေါ်ထား. . .**

**နိုင်ငံ့အကျိုး၊ ဒေသအကျိုး၊ တိုင်းရင်းသားများအကျိုးကို ကြည့်ရှု၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်များ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လို. . .**

☆ **ကျောဖုံးမှအဆက်**

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်မှုနှင့် ပညာရည်ဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုး၊မွေးမြူရေး သင်တန်းကျောင်းများ ဖွင့်လှစ်နိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ နွေရာသီအားကစားသင်တန်းများဖွင့်လှစ်နေမှု၊ လျှပ်စစ်ကဏ္ဍ တိုးတက်ရေး ဆောင်ရွက်ထားရှိမှု၊ လေကြောင်းလိုင်းများ ပြေးဆွဲလျက်ရှိမှုနှင့် တိုးချဲ့ပြေးဆွဲပေးရန်လိုအပ်မှု၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရေလှောင်တမံများနှင့် လျှိုပိတ်ဆည်များ တည်ဆောက်ထားရှိမှု၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ သမဝါယမစနစ်ဖြင့် ဒေသန္တရနှင့် ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်နိုင်မှု၊ စစ်တွေကွန်ပျူတာတက္ကသိုလ်၊ စစ်တွေနည်းပညာတက္ကသိုလ်တို့တွင် ကျောင်းသား၊ ကျောင်းသူ အဆောင်လိုအပ်ချက်များကို ပြည့်ဆည်းပေးစေလိုမှု၊ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အချို့ဆေးရုံများကို အဆင့်မြှင့်တင်ပေးစေလိုမှု၊ စိုက်ပျိုးရေးကဏ္ဍအဆင့်မြှင့်တင်နိုင်ရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်စေရေး၊ သွင်းအားစုများ လုံလောက်စွာရရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့ဆောင်ရွက်ရန်လိုအပ်မှုတို့ကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

### သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ရှင်းလင်း တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ရခိုင်ပြည်နယ်အတွင်း ရေအရင်းအမြစ်ထိန်းသိမ်းနိုင်ရေးအတွက် သောင်တူးဖော်ရေးလုပ်ငန်းများနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲပေးစေလိုမှုနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်သို့ လေကြောင်းလိုင်းငါးလိုင်း ပြေးဆွဲပေးလျက်ရှိပြီး အမှန်တကယ်လိုအပ်ချက်အပေါ် မူတည်၍ တိုးချဲ့ပြေးဆွဲပေးနိုင်ရေး စီစစ်ဆောင်ရွက်ပေးမည်ဖြစ်ကာ ခရီးသည်တင်ရေယာဉ်များကိုလည်း ပြန်လည်ပြေးဆွဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရထားစီးနင်းသူများ ပိုမိုများပြားလာသည့်အတွက် ရထားတွဲများ တိုးချဲ့ပြေးဆွဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူများ၏ အခွင့်အလမ်းများ ပိုမိုရရှိရေး၊ နည်းပညာများ၊ လိုအပ်သည့် စက်ကိရိယာများရရှိစေရေး၊ လုပ်သားများရှားပါးမှုအပေါ် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက လိုအပ်သည်များဆောင်ရွက်ပေးရန်လိုအပ်မှု၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းဆောင်ရွက်ရန် မြေအသုံးချခွင့်များ၊ လုပ်ငန်းလုပ်ကိုင်ခွင့်များကို ပြည်နယ်အစိုးရမှ စိစစ်ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး ဆောင်ရွက်ပေးရန်လိုအပ်မှု၊ သစ်တောသယံဇာတများကို တရားမဝင်ထုတ်ယူသုံးစွဲနေမှုများကို ဝိုင်းဝန်းကာကွယ်တားဆီးကြရန်နှင့် သစ်တောသစ်ပင်များကိုထိန်းသိမ်းကြရန်လိုအပ်မှု၊ ရခိုင်ပြည်နယ်အတွင်း လူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူမှု၊ ပန်းခင်းစီမံချက်ဆောင်ရွက်မှုတို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဌာနဆိုင်ရာများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်မှု၊ ရခိုင်ပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေးမြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံအပါအဝင် စက်ပစ္စည်းကိရိယာများကို ဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးပိုင်းဆိုင်ရာများနှင့် ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာများကို ဌာနဆိုင်ရာများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်မှုတို့နှင့် ပတ်သက်၍ အသီးသီးပြန်လည်ဆွေးနွေးပြောကြားသည်။

### နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများသည် နိုင်ငံတော်အစိုးရကိုယ်စား တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် အစိုးရနှင့် ပြည်သူများအကြား ပေါင်းကူးပေးသည့် ပုဂ္ဂိုလ်များ၊ ဌာနများပင်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ အတွေ့အကြုံရှိပြီး ကျွမ်းကျင်ကြသူများဖြစ်သဖြင့် မိမိတာဝန်ထမ်းဆောင်ရသည့် ဒေသနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ **ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကိုသစ္စာရှိရမည်၊ မိမိဌာနနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ် သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်**ကြောင်း၊ မိမိတို့အစိုးရသည် နိုင်ငံရေးအစိုးရမဟုတ်ဘဲ နိုင်ငံ့အရေးကိုဆောင်ရွက်နေသည့်အစိုးရဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသဖြင့် နိုင်ငံရေးထက် နိုင်ငံ့အရေးကိုသာ ဆောင်ရွက်ကြစေလိုပြီး နိုင်ငံ့ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေတွင်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အစိုးရဌာနများက အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လူထုအကျိုးပြုအောင် ဆောင်ရွက်နိုင်မည်၊ တိုင်းပြည်အတွက် အကျိုးပြုအောင်ဆောင်ရွက်နိုင်မည်ဆိုပါက လုပ်ငန်းများအောင်မြင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်လုပ်ငန်းများအောင်မြင်စေရန်အတွက် မျှော်မှန်းဆောင်ရွက်ကြစေလိုကြောင်း။

### နိုင်ငံရေးရည်မှန်းချက်

မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်တပ်မတော်အစိုးရလက်ထက်တွင် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း၊ **ဒီမိုကရေစီဟူသည်မှာ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ အများဆန္ဒနှင့်အညီ စီမံအုပ်ချုပ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အများဆန္ဒနှင့်အညီဟု ဆိုသော်လည်း ဥပဒေနှင့် အညီသာဆောင်ရွက်ရမည်ဖြစ်ပြီး "လူညီရင် ဤကို ကျွဲဖတ်သည်" ဟူသည့် ပုံစံမျိုးသွား၍မရ**ကြောင်း၊ ဖက်ဒရယ်စနစ်ဟူသည်မှာ အဆင့်ဆင့် လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးခြင်းပင်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် လျော်ကန်သင့်မြတ်သည့် အုပ်ချုပ်မှုအာဏာကို ခွဲဝေပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးသည့်အချိန်တွင် လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးပြီး ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆောင်ရွက်ရမည်များကို ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ဇယား(၁၊၂၊၃၊၅)ပါ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတို့မှ ပြဋ္ဌာန်းရမည့် ထုတ်ပြန်ရမည့် ဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ ပြည့်စုံစွာ ဆောင်ရွက်နိုင်မှုမရှိသေးသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ မိမိတို့ တာဝန်ယူချိန်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ် အုပ်ချုပ်မှုအာဏာ ခွဲဝေမှုအားလုံးကို အကောင်အထည်ဖော်နိုင်သမျှ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးနှင့် ပတ်သက်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို အခြေခံ၍ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပြီး**

**စာမျက်နှာ ၂၀ သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့ ရှခင်းသာလမ်းတစ်လျှောက်တွင် ပြည်သူများ အနားယူအပန်းဖြေနိုင်ရန်အတွက် ကမ်းခြေတစ်လျှောက် သဲဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စီမံဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၂၀ မှအဆက်

လိုက်နာမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ လမ်းများသည်လည်း လမ်းအင်္ဂါရပ်နှင့် ညီညွတ်မှုမရှိသည်များကိုလည်း တွေ့ရကြောင်း၊ လမ်းများပေါ်၌ စည်းကမ်းမဲ့ဈေးရောင်းချခြင်းများ ရှိသည်ကိုတွေ့ရှိရကြောင်း၊ ထိုသို့ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို လိုက်နာခြင်းမရှိမှုကြောင့် ယာဉ်မတော်တဆဖြစ်ပွားမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် လမ်းအင်္ဂါရပ်များနှင့်ညီညွတ်စေရေးအတွက် ဆောင်ရွက်ကြစေလိုကြောင်း။

မြို့ကွက်များ တိုးချဲ့ရာတွင်လည်း မြို့အင်္ဂါရပ်များနှင့် ညီညွတ်စေရေး စနစ်တကျ တွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်သည် ပူပြင်းသည့်ဒေသဖြစ်သည့်အတွက် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရလေကာပင်များ စိုက်ပျိုးမှုကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ကြစေလိုကြောင်း။

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး**

ရခိုင်ပြည်နယ်သည် ခရီးသွားလုပ်ငန်းအတွက် အလားအလာများစွာရှိသည့်ဒေသ တစ်ခုဖြစ်ကြောင်း၊ ငပလီကမ်းခြေကဲ့သို့ ကမ္ဘာကျော်ကမ်းခြေများရှိသကဲ့သို့ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသလည်းရှိကြောင်း၊ ဒေသတွင်း သာယာလှပရေး၊ တည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးတို့ကို ဆောင်ရွက်နိုင်မည်ဆိုပါက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဒေသအတွက်ဝင်ငွေများရရှိမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ လေယာဉ်ကွင်းများ တိုးချဲ့ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့တာဝန်ယူချိန်ကာလအတွင်း ရခိုင်သမ္မ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ **နိုင်ငံတော်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သမျှဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့် အခန်းကဏ္ဍများမှ ပိုင်းဝန်းဆောင်ရွက်သွားမည်ဆိုပါက ရခိုင်ပြည်နယ်သည် များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ စစ်တွေတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဇော်ထွန်းနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းဦးတို့က လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ ရှခင်းသာလမ်းတစ်လျှောက်တွင် ပြည်သူများ အနားယူ အပန်းဖြေနိုင်ရန်အတွက် ကမ်းခြေတစ်လျှောက် သဲဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စီမံဆောင်ရွက်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

## လူမှုကွန်ရက်စာမျက်နှာများမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အမေရိကန်ဒေါ်လာဈေးနှုန်း တိုးမြှင့်သတ်မှတ်ခြင်းနဲ့ အချို့သောနိုင်ငံခြားဘဏ်တွေမှာ မြန်မာနိုင်ငံကငွေကြေးအဝင်၊ အထွက်တွေကို လက်မခံတော့ဘူးဆိုတဲ့ ကောလာဟလထွက်နေတဲ့ သတင်းများနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်




တချို့သောမီဒီယာများက ကျွန်တော့်ကို ဒီမေးခွန်းတွေမေးနေတာရှိပါတယ်။ ပထမဦးဆုံးမေးခွန်းဖြစ်တဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဒေါ်လာဈေးနှုန်းနဲ့ပတ်သက်ပြီး တစ်ဒေါ်လာကို ၂၁၀၀ ဈေးနှုန်းသတ်မှတ်ထားပါတယ်။ တစ်ဒေါ်လာကို ၂၁၀၀ သတ်မှတ်ထားခြင်းဈေးနှုန်းနဲ့ပတ်သက်ပြီး ပြင်ဆင်ပြောင်းလဲဖို့ အစီအစဉ်မရှိသေးကြောင်းပြောလိုပါတယ်။ ပြင်ဆင်ပြောင်းလဲဖို့ အစီအစဉ်မရှိသေးပါဘူး။ တချို့သော နိုင်ငံခြားဘဏ်တွေနဲ့ပတ်သက်ပြီး ယခင်အပတ်လောက်ကတိုင် ကောလာဟလထွက်နေပါတယ်။ တချို့သော နိုင်ငံခြားဘဏ်တွေက မြန်မာနိုင်ငံက ငွေအဝင်၊ အထွက်တွေ လက်မခံတော့ဘူးဆိုပြီး ပြောနေတာရှိပါတယ်။ လက်တွေ့မှာ ပုံမှန်လည်ပတ်ဆောင်ရွက်နေလျက်ရှိပါတယ်။ ပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိတယ်ဆိုတာ ကျွန်တော်ပြောလိုပါတယ်။ မြန်မာနိုင်ငံရဲ့ ငွေကြေးစနစ်နဲ့ပတ်သက်ပြီး ဦးတည်ပြီးတိုက်ခိုက်နေတာတွေများပါတယ်။ ယခင်တုန်းကလည်း ဘဏ်လုပ်ငန်းစနစ်တွေနဲ့တိုက်ခိုက်နေတာရှိတယ်။ ငွေရေးကြေးရေးစနစ်အနေနဲ့လည်း တိုက်ခိုက်နေတာတွေရှိတယ်။ ဒါနဲ့ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့ စီးပွားရေး လုပ်ငန်းရှင်တွေအနေနဲ့ ဒီလိုကောလာဟာလတွေကိုမယုံကြဖို့။ ဗဟိုဘဏ်ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းကို တိုက်ရိုက်ဆက်သွယ်ပြီး မေးမြန်းနိုင်ပါတယ်လို့ ကျွန်တော့်အနေနဲ့ပြောလိုပါတယ်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၁-၄-၂၀၂၃ (စနေနေ့)

| | | |
|---|---|---|
| ၁။ | ဝ၆း၃ဝ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၁း၀၀ | စစ်သည်ကဏ္ဍ |
| ၃။ | ၁၄း၃ဝ | လေ့လာမှတ်သား ရိုးရာစကားပုံများ |
| ၄။ | ၁၆း၀၀ | ကမ္ဘာကျော်တို့ အနုပညာခရီး |
| ၅။ | ၁၈း၂ဝ | Thazin Request Song |

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့် ဆီများစားသုံးခြင်းတို့ကြောင့်-

- ❖ နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ❖ ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ အချိန်မီ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အပြီး ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ကြရန် အသိပေးနှိုးဆော်ချက်များထုတ်ပြန်ပြီး လာရောက်လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတတ်နိုင်ဆုံး အဆင်ပြေအောင် လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ သတ်မှတ်ကာလစေ့ရောက်ပြီဖြစ်သော်လည်း ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ပြောင်းလဲတပ်ဆင်ရန် ယာဉ်အချို့ ကျန်ရှိနေသည့်အတွက် ၂၀၂၃ ခုနှစ် ဧပြီလကို ပညာပေးကာလအဖြစ် သတ်မှတ်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပညာပေးကာလကျော်လွန်ပါက လိုအပ်သည့် စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသို့ ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားပုံစံအသစ်များ အမြန်ဆုံးပြောင်းလဲတပ်ဆင်ကြရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဆဋ္ဌမအကြိမ် မိတ်ဆုံစားပွဲကျင်းပ

**နေပြည်တော် မတ် ၃၁**

နိုင်ငံတော်အစိုးရ၏ယန္တရား ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသော ဝန်ထမ်းများကို မိသားစုသဖွယ်အသိမှတ်ပြုသောအားဖြင့် မိတ်ဆုံနေ့လယ်စာစားပွဲများကို လစဉ်ကျင်းပပြုလုပ်ပေးလျက်ရှိရာ ယနေ့ မွန်းတည့် ၁၂ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဆဋ္ဌမအကြိမ် မိတ်ဆုံနေ့လယ်စာစားပွဲကို ကျင်းပသည်။

အဆိုပါ မိတ်ဆုံနေ့လယ်စာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဌာနအကြီးအကဲများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ ရင်းနှီးခင်မင်စွာ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဆဋ္ဌမအကြိမ် မိတ်ဆုံစားပွဲတွင် ဝန်ထမ်းများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်စဉ်။

# ကန့်ဘလူမြို့နယ် မိုးကောင်းကျေးရွာနှင့် တန့်ဆည်မြို့နယ် ကျွန်းလည်ကျေးရွာတို့ကိုဆက်သွယ်သည့် ပြည်ငြိမ်းချမ်းသာ မူးမြစ်ကူးတံတားဖွင့်ပွဲ၊ ကန့်ဘလူခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးဖွင့်ပွဲများ ပြုလုပ်





စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက ပြည်ငြိမ်းချမ်းသာမူးမြစ်ကူးတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက ကန့်ဘလူခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု မိုးကောင်းကျေးရွာနှင့် ရေဦးခရိုင် တန့်ဆည်မြို့နယ် ကျွန်းလည်ကျေးရွာတို့ကိုဆက်သွယ်သည့် ပြည်ငြိမ်းချမ်းသာ မူးမြစ်ကူးတံတားဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ မူးမြစ်ကူးတံတားမုခ်ဦးရှေ့၌ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဖွင့်အမှာစကားပြောကြားပြီး ကန့်ဘလူမြို့နယ် မြေထူးကျေးရွာအုပ်စု မော်တော်ကျေးရွာ သာသနာ့အလင်းရောင် ကျောင်းတိုက်ဆရာတော်က ကျေးဇူးတင်စကား မိန့်ကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်ငြိမ်းချမ်းသာ မူးမြစ်ကူးတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တံတားအား လိုက်လံကြည့်ရှုကြသည်။

အဆိုပါတံတားမှာ တံတားအရှည် ပေ ၁၅၀၀ နှင့် အကျယ် ပေ ၂၀ ရှိပြီး စုစုပေါင်းကုန်ကျငွေ ကျပ်သိန်းပေါင်း ၁၅၀၀ ဖြစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်သိန်း ၅၀၀ နှင့် ပြည်သူလူထုမှ လှူဒါန်းငွေကျပ် သိန်း ၁၀၀၀ ဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ ကန့်ဘလူခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးဖွင့်ပွဲသို့သွားရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များပက်ဖျန်းပေးပြီး အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပါအစည်းအဝေးခန်းမ၌ အမှာစကား ပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ရုံးအဆောက်အအုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ရွှေပင်အောင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အဆောက်အအုံနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို တိုင်းဒေသကြီး တရားရေးဦးစီးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ရထားလမ်းများအဆင့်မြှင့်တင်ပြုပြင်နေမှုနှင့် လမ်းသစ်ဖောက်လုပ်နေမှုများကို ဒုတိယဝန်ကြီး ဦးအောင်မြိုင် ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၃၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် တာဝန်ရှိသူများနှင့်အတူ မတ် ၂၈ ရက်မှ ယနေ့ထိ ရထားလမ်းများ အဆင့်မြှင့်တင်ပြုပြင်နေမှုနှင့် လမ်းသစ်ဖောက်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် သာစည်-မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ပြုပြင်နေမှုအခြေအနေကို သာစည်ဘူတာမှ ပန်းအိုင်ဘူတာထိ RBE ရထားဖြင့် လိုက်ပါစီးနင်း၍စစ်ဆေးခဲ့ပြီး အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပင်းပက်-နောင်ကားရထားလမ်းသစ် ဖောက်လုပ်နေမှုအခြေအနေကို ဆက်လက်စစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီဖောက်လုပ်ပြီးစီးအောင် ဆောင်ရွက်ရန်တို့ကိုမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရွှေညောင်-အေးသာယာ-ပေါမူ-ထီးသိမ်-ရေထွက်ဦး-တောင်ကြီးရထားလမ်းပိုင်း အဆင့်မြှင့်တင်ပြုပြင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သာစည်-နေပြည်တော် ရထားလမ်းပိုင်းကို RBE ရထားဖြင့် လိုက်ပါစီးနင်း၍ လက်ရှိရထားလမ်းပိုင်း၏ အခြေအနေ၊ ယင်းရထားလမ်းပိုင်းရှိ ဘူတာများနှင့် ဘူတာယာဒ်ဝင်းများကို ကြည့်ရှုစစ်ဆေးပြီး ဘူတာများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ဘူတာနှင့် ဘူတာယာဒ်ဝင်းအတွင်း ပန်းအလှပင်များစိုက်ပျိုးရေး၊ ယင်းလမ်းပိုင်းတွင် အမြန်နှုန်းတိုးမြှင့်ပြေးဆွဲနိုင်ရေးအတွက် လမ်းပိုင်းကြံ့ခိုင်မှုကောင်းမွန်အောင် ဆောင်ရွက်ရေးနှင့် ရထားစီးခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ နားနေသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တောင်သမန်အင်း သာယာလှပရေးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုစစ်ဆေး





**မန္တလေး မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါပြီး အမရပူရမြို့နယ်ရှိ တောင်သမန်အင်း သာယာလှပရေးစီမံကိန်းလုပ်ငန်းခွင်သို့ ယနေ့နံနက်ပိုင်းတွင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက အမှတ်တရပစ္စည်းဆိုင်များနှင့် စားသောက်ဆိုင်များဆောက်လုပ်ပြီးစီးမှု၊ မည်စည်တန်းတစ်လျှောက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သမန်အင်းဝန်းကျင် သန့်ရှင်းသပ်ရပ်ရေးနှင့် လည်ပတ်အပန်းဖြေကြသူများ စိတ်ချမ်းမြေ့စေရေး၊ မျက်စိပသာဒဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ ဆိုင်ခန်းများပြီးစီးပါက စနစ်တကျ နေရာပြန်လည်ချသွားရေးနှင့် ခွင့်ပြုချက်မရှိဘဲ နေထိုင်သူများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ လုပ်ငန်းများအပေါ် စေတနာထားဆောင်ရွက်သွားကြရန်၊ အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီတင်ပြရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ကျင်းပ

**နေပြည်တော် မတ် ၃၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၂၉ ဌာနတို့၌ စာဖြေစာရင်းသွင်း ၅၇၃၆၃ ပါးဦးအနက် ၄၅၆၅၁ ပါးဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၅၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို ဧပြီ ၃၀ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ကိုဗစ်-၁၉ ကာကွယ်၊ထိန်းချုပ်၊ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်**

**၁၃၈၄ ခုနှစ် တန်ခူးလဆန်း ၁၁ ရက်**

**၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်**

ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် မတ် ၃၁ ရက်ထိ ထုတ်ပြန်ထားသောပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို ဧပြီ ၃၀ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကိုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၃၁**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသရာသီဥတုနှင့်ကိုက်ညီသည့် သီးနှံပုံစံစမ်းသပ်၍ သီးထပ်ဧရိယာတိုးချဲ့စိုက်ပျိုးရန်၊တောင်သူလယ်သမားနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သည့် အကျိုးတူလယ်ယာစနစ် ဖွံ့ဖြိုးလာရေးနှင့် လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်ရေး တွန်းအားပေးဆောင်ရွက်ရန်၊တောင်သူများ လိုအပ်သည့်နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်ရရှိရေးနှင့် အခြေခံအဆောက်အအုံများဖြည့်ဆည်းပေးရန်၊ မျိုးစေ့ထုတ်လုပ်ငန်းများတွင် တောင်သူများကိုယ်တိုင်ပူးပေါင်းပါဝင်သော မျိုးစေ့ထုတ်အစုအဖွဲ့များတည်ထောင်ရန်၊ စံပြစိုက်ပျိုးရေးမွေးမြူရေးကျေးရွာများထူထောင်၍ တောင်သူအချင်းချင်းဖြန့်ဝေသော နည်းပညာပြန့်ပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်၊ မြေပြင်ကွင်းဆင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်၊ စပါးအခြောက်ခံစက်များအပါအဝင် လယ်ယာလုပ်ငန်းခွင်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်လုံး၌ စက်ကိရိယာ တိုးမြှင့်သုံးစွဲနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းနှင့် တာဝန်ရှိသူများသည် ချမ်းမြသာစည်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းလုပ်ငန်းများနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက အဆင့်မြင့်ဓာတ်ခွဲခန်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်နှင့် ကျွမ်းကျင်သည့်ဓာတ်ခွဲခန်းပညာရှင်အရင်းအမြစ်များ တိုးပွားရေးဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

အလားတူ ပုသိမ်ကြီးမြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အသားတိုးနွား၊ မျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့်သရုပ်ပြခြံ(ကျွဲဝန်း)၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် အသားတိုးနွား မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။အဆိုပါ အသားတိုးနွား၊ မျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့်သရုပ်ပြခြံ(ကျွဲဝန်း)သည် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ရှေ့နီနွားမကြီး ၁၅ ကောင်၊ ပြာစိမ်းနွားမ ၁၈ ကောင်၊ ဘရာမင်အမ ၁၀ ကောင် စုစုပေါင်း ၄၄ ကောင်ကို ၁၀၀ ရာခိုင်နှုန်း ဘရာမင်မျိုးရည်ခဲချောင်းဖြင့် မေထုန်မဲ့သားစပ်ထားရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းနှင့် တာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့ရှိ ပိုးသုတေသနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာနသို့ရောက်ရှိရာ ခြံတာဝန်ခံက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မြန်မာ့ပိုးစာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေးနှင့် တန်ဖိုးမြင့်ပိုးချည်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး ပိုးသုတေသနှင့် ပိုးစာသုတေသနလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မတ် ၃၁ ရက်ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

**နေပြည်တော် မတ် ၃၁**

မတ် ၃၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၆၆၀ ကို စစ်ဆေးပြီးစီးရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၀၈၀ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၅၅၄ ဦး |

# လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၌ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# မကွေးမြို့နယ် ဖိုးလေးလုံးကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၃၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဖိုးလေးလုံးကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ ဇိနာလင်္ကာရဘုန်းတော်ကြီးကျောင်း၌ ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၉၂ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မကွေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ပမ္မတီးရပ်ကွက်နေ အောင်သူစိုးသည် ၎င်းအသုံးပြုသည့် "Aung Thu Soe" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက်နေ သန့်ဇင်(ခ)အငယ်လေးသည် ၎င်းအသုံးပြုသည့် "Thant Zin" Facebook အကောင့်နှင့် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်(၇) ရပ်ကွက်နေ အောင်ကျော်မင်း(ခ)အာကာသည် ၎င်းအသုံးပြုသည့် "Arkar" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နွားထိုးကြီး-မြင်းခြံသွား ကားလမ်း၌ PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် မိုင်းတစ်လုံး ပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ



နွားထိုးကြီး-မြင်းခြံသွား ကားလမ်း၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး ပေါက်ကွဲခဲ့မှုကြောင့် မော်တော်ယာဉ် ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် လျှော့်ဖြူကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၈၀၀ ခန့်အကွာ နွားထိုးကြီး-မြင်းခြံသွား ကားလမ်းဝဲဘက် ၁၅ ပေခန့်အကွာ၌ ယနေ့ညနေ ၃ နာရီခွဲခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်အဝေးထိန်းမိုင်း တစ်လုံးဖောက်ခွဲခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နွားထိုးကြီးမြို့နယ် ဝက်လူးကျေးရွာ၌ ဘုန်းကြီးကျောင်းမွှာရုံ ရေစက်ချပွဲမှ မင်းဘူးမြို့သို့ ပြန်လည်မောင်းနှင်လာသော ဂီတစက်ဝိုင်း တေးဂီတအဖွဲ့သား ၁၀ ဦး လိုက်ပါလာသည့် Super Custom အမျိုးအစား မော်တော်ယာဉ်သည် လျှော့်ဖြူကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၈၀၀ ခန့်အကွာသို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်အဝေးထိန်းမိုင်း တစ်လုံးပေါက်ကွဲခဲ့သဖြင့် မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် မင်းဘူးမြို့ အမှတ်(၁) ရပ်ကွက်နေ ဒေါ်ဇွန်ဇင်ဇင်ထွန်းတွင် မိုင်းစထိမှန် ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဒဏ်ရာရရှိသူများကို နွားထိုးကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။

# ပြင်သစ်နိုင်ငံတွင် မြစ်ချောင်းများရေပမာဏကျဆင်းသဖြင့် သောက်သုံးရေချွေတာသွားမည်



**ပဲရစ် မတ် ၃၁**

ပြင်သစ်နိုင်ငံတွင် ရာသီဥတု ဖောက်ပြန်မှုကြောင့် မြစ်ချောင်းများတွင် ရေပမာဏကျဆင်းနေသည့်အတွက် သောက်သုံးရေ လုံလောက်မှုရှိစေရန် သောက်သုံးရေချွေတာသွားမည့် အစီအစဉ်ကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြင်သစ်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု France 24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြင်သစ်သမ္မတ မာခရွန်သည် အငြိမ်းစားလုပ်ခလစာ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒများကို ပြန်လည်ပြင်ဆင်နေသည့်အတွက် ဆန္ဒထုတ်ဖော်မှုများဖြင့် ရင်ဆိုင်နေရသည့်အခြေအနေတွင် သောက်သုံးရေချွေတာသွားမည့် အစီအစဉ်ကိုပါ ထပ်မံအကောင်အထည်ဖော်ရန်စီစဉ်လာသည့်အတွက် ဆန္ဒထုတ်ဖော်မှုများဖြင့် ထပ်မံရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

"အပြောင်းအလဲတစ်ခုပြုလုပ်တဲ့အခါမှာ ကန့်သတ်ချက်တွေ များပါတယ်။ ဒီလိုကန့်သတ်ချက်တွေ များလာတဲ့ အကြောင်းရင်းနဲ့ ပတ်သက်ပြီး ပြည်သူတွေကို ရှင်းလင်းချပြသွားမယ်။ ပြည်သူတစ်ယောက်ချင်းစီတိုင်းမှာလဲ အပြောင်းအလဲအတွက် တာဝန်ရှိတဲ့အကြောင်း သိလာအောင် ချပြဆွေးနွေးသွားမယ်။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ ဘယ်အရာကမှ တားဆီးနိုင်မှာမဟုတ်ဘူး"ဟု ပြင်သစ်သမ္မတ မာခရွန်က ပြောကြားခဲ့သည်။

ပြင်သစ်သမ္မတ မာခရွန်သည် သောက်သုံးရေချွေတာမည့် အစီအစဉ်အရ ပေါက်နေသည့် ရေပိုက်လိုင်းများ၊ ဟောင်းနွမ်းနေသည့် ရေပိုက်လိုင်းများကို အမြန်ဆုံးပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ နျူကလီးယားဆိုင်ရာလုပ်ငန်းများ၊ တောင်သူများ ရေအသုံးပြုရာတွင် အခြေအနေနှင့်လိုက်လျောညီထွေမှုရှိစေရန် အခြေခံလိုအပ်ချက်ထက် ရေကိုကျော်လွန်သုံးစွဲမှုများကို ထိန်းချုပ်သွားမည်ဖြစ်ပြီး အခြေခံလိုအပ်ချက်ထက် ပိုမိုသုံးစွဲမှုကိုလည်း ရေဖိုးတိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **နိုင်းဆက်**

# လာအိုနိုင်ငံတွင် လေထုညစ်ညမ်းမှုကိုင်တွယ်ဖြေရှင်းရန် အစိုးရအဖွဲ့က စတင်လုပ်ဆောင်လျက်ရှိ

**ဗီယင်ကျန်း မတ် ၃၁**

လာအိုနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုများကြောင့် လေထုညစ်ညမ်းမှု မြင့်တက်လျက်ရှိသဖြင့် အဆိုပါကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် အစိုးရက မတ် ၃၀ ရက်က အမိန့်ထုတ်ပြန်ခဲ့ကြောင်း လာအိုနိုင်ငံဝန်ကြီးချုပ်ရုံးက ထုတ်ပြန်သော သတင်းများကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လာအိုနိုင်ငံ နေရာအနှံ့အပြားတွင် တောမီးလောင်ကျွမ်းမှုများကြောင့် PM 2.5 ညစ်ညမ်းသော အမှုန်အမွှားများ လေထုအတွင်း ပါဝင်မှုသည် ဘေးကင်းမှုမရှိသော အဆင့်သို့ မကြုံဖူးမြင့်တက်လျက်ရှိကြောင်း သိရသည်။

မတ် ၂၉ ရက်က ကျင်းပသော လာအိုနိုင်ငံအစိုးရ၏ လစဉ်ပုံမှန်အစည်းအဝေးတွင် ဝန်ကြီးချုပ် Sonexay Siphandone က တောမီးလောင်ကျွမ်းမှု ကာကွယ်တားဆီးရေးလုပ်ငန်းများ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ရန် ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်များကို တောင်းဆိုခဲ့ကြောင်း သိရသည်။

အဆိုပါကိစ္စကို ဖြေရှင်းဆောင်ရွက်ရန် တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းအဖွဲ့များ တာဝန်ပေးအပ်၍ တောမီးလောင်ကျွမ်းမှုများကို စောင့်ကြည့်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် သစ်တောများကို ခုတ်ထွင်မီးရှို့ခြင်းများ ဆောင်ရွက်ခြင်းမပြုနိုင်ရန် ကင်းလှည့်ခြင်းများ လုပ်ဆောင် ဖြေရှင်းသွားမည်ဖြစ်ကြောင်း သိရသည်။

လာအိုနိုင်ငံတွင် လတ်တလော၌ လေထုညစ်ညမ်းအခြေအနေမှာ ပြင်းထန်နေပြီး အန္တရာယ်ရှိသော အခြေအနေသို့ ရောက်ရှိနေသဖြင့် အမှိုက် အမျိုးအစားအားလုံးကို မီးရှို့ခြင်းမပြုကြရန်၊ မလိုအပ်ဘဲ ပြင်ပသို့သွားလာခြင်းမပြုကြရန်နှင့် နှာခေါင်းစည်းတပ်ဆင်၍ သွားလာကြရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တိုက်တွန်းချက် ထုတ်ပြန်ထားကြောင်း သိရသည်။

လေထုညစ်ညမ်းမှုကြောင့် ပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းတို့ကို ထိခိုက်မှုမရှိစေရန်အတွက် တုံ့ပြန်မှုလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လာအိုနိုင်ငံ ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီး Thipphakone Chanthavongsa အစိုးရအဖွဲ့ပြုလုပ်သော အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ **AZH**



# အမေရိကန်အနောက်တောင်ပိုင်းတွင် ပူပြင်းခြောက်သွေ့နေသဖြင့် တောမီးသတိပေးချက်ထုတ်ပြန်

**ဝါရှင်တန် မတ် ၃၁**

အမေရိကန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ပြည်နယ်များတွင် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြစ်ပေါ်နေသောကြောင့် တောမီးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း အမေရိကန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု GMN သတင်းဌာနက မတ် ၃၀ ရက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ အနောက်တောင်ပိုင်းတွင် တောမီးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ရဖွယ်ရှိနေသည့် ပြည်နယ်များမှာ နယူးမက္ကဆီကိုနှင့် အရီဇိုးနားပြည်နယ်တို့ဖြစ်ပြီး သစ်တောကြီးပိုင်းများအနီး ဖြတ်သန်းသွားလာခြင်းကိုလည်း အထူးသတိပြုရန် သတိပေးချက်များ ထုတ်ပြန်ထားသည်။

"နယူးမက္ကဆီကိုပြည်နယ်အတွင်း ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုအပြင် မိုးခေါင်တဲ့ပြဿနာကြောင့် ရေရှားလာတယ်။ ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုကြောင့် တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ မနှစ်ကလဲ ဒီလိုကာလမျိုးမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်ခဲ့တယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်လေ့ရှိတဲ့ ဒေသတွေမှာနေထိုင်တဲ့ ပြည်သူတွေကိုလဲ တောမီးအန္တရာယ်နဲ့ပတ်သက်ပြီး သက်ဆိုင်ရာကထုတ်ပြန်တဲ့ သတိပေးချက်တွေနားစွင့်ထားဖို့ တိုက်တွန်းချင်ပါတယ်"ဟု နယူးမက္ကဆီကိုပြည်နယ်ဝန်ကြီးချုပ် မီချယ်လီ လူဂျန်က ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ အနောက်တောင်ပိုင်း ပြည်နယ်များတွင် ၂၀၂၂ ခုနှစ် မတ်လနှင့် ဧပြီလတို့အတွင်း တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်ခဲ့ပြီး သစ်တောမြေဧက တစ်သန်းကျော်ထိ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူဖြစ်စဉ်မျိုး ထပ်မံဖြစ်ပွားလာနိုင်သည့် အခြေအနေမျိုးဖြင့် ရင်ဆိုင်နေရသည့်အတွက် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်လာခဲ့ပါက မလိုလားအပ်သော ဆုံးရှုံးမှုများမရှိစေရေး ဒေသခံများကို ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **နိုင်းဆက်**

# အမေရိကန်နိုင်ငံ ပြည်နယ်အများအပြားတွင် လေဆင်နှာမောင်းနှင့် မိုးကြိုးမုန်တိုင်းဖြစ်ပေါ်နိုင်

**ဝါရှင်တန် မတ် ၃၁**

အမေရိကန်နိုင်ငံ ပြည်နယ်အများအပြားတွင် ယနေ့မှစ၍ လေပြင်းများတိုက်ခတ်ပြီး လေဆင်နှာမောင်းနှင့် မိုးကြိုးမုန်တိုင်းများ တိုက်ခတ်နိုင်ကြောင်း အမေရိကန်အမျိုးသားမိုးလေဝသဌာနက မတ် ၃၀ ရက်က သတင်းထုတ်ပြန်ထားကြောင်း The New York Times သတင်းဌာနက မတ် ၃၀ ရက်တွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းနှင့် တောင်အလယ်ပိုင်းတွင်ရှိသော ပြည်နယ်အများအပြားတွင် ယနေ့မှစ၍ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရုတ်တရက်ရေကြီးခြင်းများဖြစ်ပေါ်နိုင်ကြောင်း၊ မိုးကြိုးမုန်တိုင်းများသည် အလယ်ပိုင်းနှင့်အောက်ပိုင်း မစ္စစ္စပီချိုင့်ဝှမ်းမှစတင်၍ အနောက်အလယ်ပိုင်းရှိ အိုဟိုင်းယိုးပြည်နယ်နှင့်တနက်ဆီပြည်နယ်တစ်လျှောက် လူပေါင်းသန်း ၃၀ ကျော်ကို ထိခိုက်စေနိုင်သော ရာသီဥတုအခြေအနေများ ဖြစ်ပေါ်လာနိုင်ကြောင်း အမေရိကန် အမျိုးသားမိုးလေဝသဌာနက ခန့်မှန်းထားသည်။

"ဒီနှစ်မှာပြင်းထန်တဲ့ရာသီဥတု ဖြစ်စဉ်တွေ အတော်လေးမြင့်မားနေပါတယ်။ မုန်တိုင်းတွေ မကြာခဏဖြစ်နေပြီး ပုံမှန်ထက်ပိုတဲ့ နှစ်လို့ဆိုနိုင်ပါတယ်"ဟု မုန်တိုင်းခန့်မှန်းရေးစင်တာမှ အကြီးအကဲ Bill Bunting က ပြောကြားခဲ့သည်။

အမျိုးသားမိုးလေဝသဌာန၏ ခန့်မှန်းချက်များအရ အဆိုပါဒေသများတွင် လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

မုန်တိုင်းဖြစ်ပေါ်လာပါက အလွန်လျင်မြန်စွာရွေ့လျားနိုင်ခြေရှိသဖြင့် အန္တရာယ်ဖြစ်နိုင်သော အခြေအနေထိ စောင့်ဆိုင်းခြင်း မပြုကြဘဲ အန္တရာယ်ရှိသောဒေသတွင် နေထိုင်သူများအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်၊ ရာသီဥတုဆိုင်ရာ သတိပေးချက်များကို ဂရုစိုက်၍ လိုက်နာလုပ်ဆောင်ကြရန် Bunting က တိုက်တွန်းပြောကြားခဲ့သည်။ **AZH**

# အင်ဒိုနီးရှားနိုင်ငံ၌ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး နီကယ်သတ္တုမိုင်းတွင်းများကို ရှင်းလင်းမည်

**ဂျကာတာ မတ် ၃၁**

အင်ဒိုနီးရှားအစိုးရအဖွဲ့သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ရန် ပြင်ဆင်လာပြီး ရာသီဥတုဖောက်ပြန်မှုကို ဖြစ်ပေါ်စေနိုင်သည့် နီကယ်သတ္တုမိုင်းတွင်းများကို အမြန်ဆုံးရှင်းလင်းရန် ပြင်ဆင်နေပြီဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ ဝီဒိုဒို ပြောကြားခဲ့သည်ဟု ITV သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံအတွင်း ရုပ်ကြွင်းလောင်စာသုံး မော်တော်ယာဉ်များအစား လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များ အစားထိုးနိုင်ရေးအတွက်လည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ပြင်ဆင်နေကြောင်း၊ သမ္မတဝီဒိုဒိုက နီကယ်သတ္တုမိုင်းတွင်း တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများကိုလည်း သတ္တုမိုင်းတွင်းများအမြန်ဆုံး ရှင်းလင်းသွားမည်အကြောင်း သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

နီကယ်သတ္တုတူးဖော်ခြင်းနှင့် အရည်ကျိုခြင်းသည် အင်ဒိုနီးရှား စီးပွားရေးကဏ္ဍအတွက် အဓိကကျသည့်ကဏ္ဍဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသည် နီကယ်သတ္တုနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်နေသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းများက ဆူလာဝီစီကျွန်းနှင့် မာလူကူ ကျွန်းတို့တွင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများဖြစ်ပေါ်နေခြင်းမှာ နီကယ်သတ္တုမိုင်းတွင်းများကြောင့်ဖြစ်ကြောင်း ထောက်ပြထားသည့်အတွက် သမ္မတဝီဒိုဒိုက နီကယ်သတ္တုမိုင်းတွင်းများကို ရှင်းလင်းရန် စီစဉ်လာခြင်းဖြစ်ကြောင်း သိရသည်။

ဆူလာဝီစီကျွန်းနှင့် မာလူကူကျွန်းတို့တွင် နီကယ်သတ္တုမိုင်းတွင်းများ လုပ်ကိုင်ဆောင်ရွက်နေသော ရေနေရိယာများ၌ ရေထုအရောင်အဆင်းမှာ အနီရောင်အဖြစ်ပြောင်းလဲလာသည့်အတွက် ဂေဟစနစ်များ ပျက်စီးလာသည့်အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း၊ ထို့ပြင် နီကယ်သတ္တုမိုင်းတွင်းများ၌လည်း မိုင်းတွင်းလုပ်သားများ လုံခြုံမှုအားနည်းနေသည့် ဖြစ်စဉ်ကြောင့် မိုင်းတွင်းလုပ်သားများက ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်နေခြင်းကြောင့် သမ္မတဝီဒိုဒိုက နီကယ်သတ္တုမိုင်းတွင်းများကို ရှင်းလင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ **နိုင်းဆက်**

# သူဌေးကြီး ဘာတွေတွေးပြီး ဘာတွေလုပ်ခဲ့သလဲ

**မြင်းခြံကျော်အောင်**

**❖ ၁၉၇၉ ခုနှစ်မှာ ဟောင်ကောင်က ဗြိတိသျှအစိုးရပိုင်တဲ့ (Hutchison Whampon) ကုမ္ပဏီကြီးဟာ အရှုံးနဲ့ ရင်ဆိုင်နေရတယ်။ အဲဒီကုမ္ပဏီရဲ့ ပိုင်ဆိုင်မှု ၂၂ ရာခိုင်နှုန်းကို ဈေးသက်သက်သာသာနဲ့ လီက ဝယ်လိုက်တယ်။ အဲဒီအခါ ကုမ္ပဏီရဲ့ အကြီးအကဲနေရာ သူရရှိပြီး အဲဒီကုမ္ပဏီပြန်လည်အမြတ်ထွက်လာအောင် သူဝင်လုပ်ခဲ့တယ်။ အဲဒီကုမ္ပဏီက သင်္ဘောကျင်းလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်းတွေလုပ်တဲ့ ကုမ္ပဏီကြီးဖြစ်တယ်။ လီက စီးပွားရေးကျွမ်းကျင်တော့ သူဝင်လုပ်ပြီး ၁၀ နှစ်ကြာတော့ ၁၉၈၉ ခုနှစ်မှာ အဲဒီကုမ္ပဏီဟာ ဟောင်ကောင်မှာ အကျိုးအမြတ်အများဆုံးရတဲ့ ကုမ္ပဏီကြီး ဖြစ်ခဲ့တယ်။ သူလဲ ကြီးစွာသောအကျိုးအမြတ်တွေရခဲ့တယ်။❖**

လမင်းကြီးက ထိန်ထိန်သာလို့ ကြယ်ကလေးတွေကလဲ လင်းလို့လက်လို့ ကိုရင်ကြီး ဇဝနကလဲ ဘုရားခန်းအနီးက ဝရန်တာမှာထိုင်ပြီး ကောင်းကင်မော့ကြည့်လိုက် အတွေးနယ်ချဲ့လိုက်လုပ်နေတယ်။ ခဏအကြာ ကျောင်းထိုင်ဆရာတော် သူ့အနီးရောက်လာပြီး-

"ကိုရင်ကြီး ဘာတွေတွေးနေလဲ"

"ဆရာတော်ဘုရား တပည့်တော်တွေးမိတာကတော့ ကောင်းကင်ကကြယ်ကလေးတွေ ဘယ်မှာများ ကုန်ရိုက်ကြပါသလဲလို့"

"ဩော်. . . ကိုရင်ကြီးကလဲ မဟုတ်က ဟုတ်က တွေးနေတယ်။ အကျိုးမရှိတာတွေ မတွေးရဘူးကွဲ့"လို့ ဆရာတော်က မိန့်ခဲ့တယ်။ အဲဒီလိုပဲ အချို့လူတွေဟာ အရေမရ အဖတ်မရ တောင်တွေးမြောက်တွေးတွေ တွေးတတ်ကြတယ်။

မန္တလေးရှိ အချို့ပန်းရန်၊ လက်သမားတွေကတော့ အဖိတ်နေ့ဆိုရင် လင်းတာနဲ့ ခေါင်းထဲမှာ အတွေးက ဝင်လာပြီး ဒီနေ့ ဆရာကြီးက တစ်ပတ်စာလုပ်ခချင်းပေးမယ်။ ဒါဆို ညနေကျ သူငယ်ချင်းတွေနဲ့ ဘုံဆိုင်ကိုဝင် တစ်ခွက်တစ်ဖလားမော့မယ်။ ဒီတစ်ပတ်တော့ အမဲကြော်လေးဝယ်မြည်းရင်ကောင်းမယ်ထင်တယ်။ အမဲကြော်ကလဲ ကြွပ်ရွပြီး မွှေးနေတယ်။

အဲဒီလိုတွေးပြီး ညနေကျ စိတ်သွားတိုင်းကိုယ်ပါပြီး ဘုံဆိုင်ရောက်သောက်မိတယ်။

တချို့ကျ ဒီလိုတွေးမိတယ်။

"ညီမလေး အားသလား"

"အားတာပေါ့ အစ်ကိုကြီးရဲ့"

"ဒါဆို နေ့ခင်း ၁၂ နာရီမှာ တို့ဆုံနေကျ ဟိုး. . . ရပ်ကွက်ထဲက တည်းခိုခန်းလာခဲ့ ဆုံကြရအောင်"

"လာမှာပေါ့ အစ်ကိုကြီးရဲ့"

"အေး အေး မမေ့နဲ့နော် ဒါပဲ" အဲဒီလို လက်ကိုင်ဖုန်းနဲ့ ချိန်းဆိုပြီး လုပ်ငန်းစခဲ့တယ်။ ဒါလဲ အတွေးက စခဲ့တာမဟုတ်လား။ အချိန်ကုန် ငွေကုန် ခွန်အားလျော့ ကြာရင်တော့ AIDS ဖြစ်မှာက အသေအချာ။

အဲဒီလို လူတွေဟာ ကိုယ်နှစ်သက်ရာ စွဲလမ်းရာကို တွေးကြတယ်။ ပြီးတော့ လုပ်ကြတယ်။

အဲဒီလူတွေထဲမှာ အာရှမှာအချမ်းသာဆုံး သူဌေးကြီးဖြစ်ခဲ့တဲ့ ပလတ်စတစ်စက်ရုံလုပ်သား လီကာရှင်းတော့ မပါဘူး။ သူတွေးပုံ လုပ်ပုံတွေကို ကြည့်ကြရအောင်။

**အလုပ်သမား လီကာရှင်း တွေးပုံလုပ်ပုံ**

လီကာရှင်း (Li Ka Shing) ဟာ သူ့အသက် ၁၆ နှစ်သားလောက် ၁၉၄၄ ခုနှစ်မှာ အဖေကလဲ ကွယ်လွန်၊ မိသားစုကိုဦးဆောင်လုပ်ကိုင်ကျွေးမွေးမဲ့ သူကလဲမရှိ သူကလဲ တီဘီရောဂါနဲ့ဆေးရုံပေါ်မှာ ကြာနေခဲ့ရ၊ ရောဂါပျောက်လို့ အိမ်ပြန်ရောက်စားသောက်နေထိုင်ရေးက တအားကျပ်တည်းဖြစ်နေခဲ့တယ်။ ရှိတဲ့ခွန်အားနဲ့ ပလတ်စတစ်စက်ရုံမှာ ဝင်လုပ်ခဲ့ရတယ်။ တစ်နေ့ ၁၆နာရီ အလုပ်လုပ်ရတယ်။ ဆင်းရဲလိုက်တဲ့ဖြစ်ခြင်း။ လူ့ဘဝမှာ နေဖို့တောင် မကောင်းတော့ဘူးလို့ စိတ်ဓာတ်ပျော့ညံ့သူဆိုရင် တွေးမိမှာ၊ လီကတော့ ဒီလိုလူစားထဲမပါဘူး။ ဒီလောက်ဆင်းရဲတဲ့ဘဝက လွတ်အောင်ဆိုရင် ကြီးပွားချမ်းသာအောင် လုပ်ကိုလုပ်ရမယ်လို့ တွေးမိတယ်။ အဲဒီလို လီကာရှင်းဟာ လှလှပပတွေးတယ်။

ဒီအတွေးနဲ့ ရပ်မနေဘူး။ အလုပ်သမားဆင်းရဲသားဘဝကလွတ်အောင်ဆိုရင် စက်ရုံပိုင်ရှင်ဖြစ်မှ ကိုယ်ပိုင်စက်ရုံထူထောင်နိုင်မှဖြစ်မှာလို့လဲ ဆက်တွေးမိတယ်။ စက်ရုံပိုင်ရှင်ဟာ သူ့လောက်မဆင်းရဲဘူးဆိုတာ သူမြင်ထားတယ်လေ။

အဲဒီတော့ အရင်းအနှီးရအောင် သူ့လုပ်ခရရှိငွေ အများစုကို မိသားစုပေးပြီး ကျန်တဲ့ငွေလေးကို ခြစ်ကုတ်စုဆောင်းခဲ့တယ်။ အစားချွေတာ၊ အဝတ်ချွေတာ၊ အသွားအလာအသုံးအစွဲချွေတာခဲ့တယ်။ အဲဒီလိုနေပြီး ငွေစုလိုက်တာ သူ့အသက် ၂၂ နှစ်သား ၁၉၅၀ ပြည့်နှစ်မှာ ဟောင်ကောင်ဒေါ်လာ ငါးသောင်း ရရှိခဲ့တယ်။ အဲဒီအခါ သူတွေးထားတဲ့အတိုင်း Cheung Kong ခေါ်တဲ့ ကုမ္ပဏီကို ထူထောင်ခဲ့တယ်။ အဲဒီကုမ္ပဏီက ပလတ်စတစ်အရုပ်ကလေးတွေ၊ ခြင်းတောင်းတွေ၊ ဘူးလေးတွေ ထုတ်လုပ်ခဲ့တယ်။

ဒီလိုနဲ့သူဟာ စက်ရုံငယ်ပိုင်ရှင်ဖြစ်ပြီး အလုပ်သမားဆင်းရဲသားဘဝက လွတ်မြောက်ခဲ့တယ်။ အနောက်တိုင်းပညာရှင်တစ်ယောက်က ပြောတာရှိတယ်။ "ဆင်းရဲနေတာဟာ ရှက်စရာမဟုတ်ပါဘူး၊ ဆင်းရဲတွင်းက လွတ်ကင်းအောင်မလုပ်တာကမှ ရှက်စရာပါတဲ့" လီကတော့ ရှက်စရာလူမဖြစ်တော့ဘူးပေါ့။

သူဌေးဖြစ်အောင်ဆိုရင် လီလိုလုပ်ရမှာ။ လောကနီတိကျမ်းမှာ "ကြီးပွားချမ်းသာချင်ရင် ကုန်သည်လုပ်ရာ၏" လို့ ဖော်ပြထားတယ်မဟုတ်လား။

**လုပ်ငန်းအောင်မြင်အောင် တွေးပုံလုပ်ပုံ**

လီဟာ မူလတန်းပညာလောက်တော့သင်ဖူးတော့ စာဖတ်တတ်ရုံဖတ်တတ်ပါတယ်။ တချို့ဆို စာကိုစိတ်မဝင်စားဘူး။ စာဖတ်တာ အချိန်ဖြုန်းတာလို့တောင် ယူဆသူတွေရှိကြတယ်။ စာအုပ်စာပေဟာ တို့နဲ့မဆိုင်ဘူးလို့ လူတော်တော်များများက ယူဆကြတယ်။ စာမဖတ်ကြဘူး။

လီက အဲဒီလိုလူစားတွေထဲ မပါဘူး၊ စာဖတ်တယ်။ စာအုပ်ကြီးတွေ ဖတ်ရုံမျှမက စီးပွားရေးနဲ့ပတ်သက်တဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေလဲ ဖတ်တယ်။ အလုပ်ရှင်ဖြစ်လာတော့ စာဖတ်ချိန်ရလာတယ်။ ဒီလိုနဲ့ တစ်နေ့မှာ မဂ္ဂဇင်းတစ်စောင်ဖတ်မိတယ်။ အဲဒီထဲမှာ အီတလီနိုင်ငံမှာ အိမ်အလှဆင်ပလတ်စတစ်ပန်းတွေ အလွန်ရောင်းကောင်းကြောင်း ဖတ်မိတယ်။ အဲဒီအခါ သူ့ပလတ်စတစ်စက်ရုံက အခြားပလတ်စတစ်ပစ္စည်းတွေ ထုတ်လုပ်နေရာက ပလတ်စတစ်ပန်းတွေကို ပြောင်းထုတ်ပြီး နိုင်ငံခြားတွေပို့ခဲ့တယ်။ ဒီမှာတင် သူအောင်မြင်တယ်။ အဲဒီလုပ်ငန်းမှာ သူဟာ ထိပ်ဆုံးရောက်သူဖြစ်ခဲ့တယ်။ အကျိုးအမြတ်ငွေတွေ အများကြီးရခဲ့တယ်။ ဒါ လီရဲ့လုပ်ငန်းအပေါ် စိတ်ဝင်စားမှု စာဖတ်လို့ရရှိတဲ့ ဗဟုသုတကို လက်တွေ့အကောင်အထည်ဖော်လို့ ရရှိတဲ့ အကျိုးဆက်ပဲ။ အောင်မြင်မှုလမ်းစ ခြေချမိခဲ့တယ်။

နောက်ဖြစ်ရပ်တစ်ခုလဲ လီဟာကြုံရပြန်တယ်။ အဲဒါ ၁၉၅၈ ခုနှစ်မှာပါ။ သူ့ရဲ့ ပလတ်စတစ်စက်ရုံမြေဟာ ငှားထားတာဖြစ်တယ်။ ပိုင်ရှင်က ဆက်မငှားတော့ဘူး ဆိုလာတယ်။ ဒီမှာတင် သူ့စက်ရုံအတွက် မြေတစ်ကွက်ဝယ်ရတယ်။ ငွေများများပေးလိုက်ရတယ်။ ဒီနေရာမှာ သူ့ခေါင်းထဲအတွေးတစ်ခုဝင်လာတယ်။ မြေကွက်ကိုယ့်မှာရှိရင် ငွေများများရနိုင်တယ်။ မြေဈေးဟာ အမြတ်ကိုရိပ်ရှိတယ်။ ကိုယ့်မှာမြေကွက်တွေ များများရှိရင် ကြီးပွားချမ်းသာနိုင်တယ်ဆိုတာ သူတွေးမိမြင်သိခဲ့တယ်။ အဲဒီတော့ သူဘာလုပ်သလဲ ကြည့်ရအောင်။

ဩော်. . . ဒါထက် စကားစပ်မိလို့ပြောရအုံးမယ်။ ၂၀၀၀ ပြည့်နှစ်က ရန်ကုန် ဒဂုံ(မြောက်)မြို့နယ်မှာ ပေ (၄၀×၆၀) မြေကွက်တွေကို ရရှိထားသူတွေက တစ်ကွက် ငွေကျပ် သိန်း ၂၀ ပတ်ဝန်းကျင်နဲ့ ဆိုင်းဘုတ်ထောင်ရောင်းချခဲ့တယ်။ အတွေးအမြင်ရှိသူတွေ တစ်ကွက်၊ နှစ်ကွက်၊ သုံးကွက်ဝယ်ထားလိုက်ကြတယ်။ အခု ၂၀၂၃ ခုနှစ်မှာ အဲဒီမြေကွက်တစ်ကွက်ရဲ့ ဈေးဟာ ငွေကျပ်သိန်းပေါင်း ၃၀၀၀ တောင်ဖြစ်သွားတယ်။ အဲဒီတုန်းက မြေကွက်ဝယ်ထားသူတွေ သူဌေးဖြစ်ခဲ့တယ်။ ငွေ၊ ရွှေစုထားတာထက် အကျိုးအမြတ်ရရှိခဲ့တယ်။ အဲဒါသာကြည့် အလျဉ်းသင့်လို့ ဗဟုသုတဖြန့်ဝေပေးတာ ဆက်လုပ်နိုင်ကြအောင်ပါ။

လီ လုပ်တာဆက်ပြောပါမယ်။ ၁၉၆၇ ခုနှစ်မှာ ဟောင်ကောင်ကျွန်းမှာ တရုတ်ကွန်မြူနစ်အစိုးရကို ထောက်ခံသူတွေနဲ့ အုပ်ချုပ်သူ ဗြိတိသျှအစိုးရကို ထောက်ခံသူတွေကြားမှာ မကြာခဏတိုက်ခိုက်မှုတွေဖြစ်ကြ၊ နိုင်ငံရေးမတည်မငြိမ်ဖြစ်ခဲ့တယ်။ အဲဒီအခါ ဟောင်ကောင်ကို လူတွေဟာစွန့်ခွာထွက်ပြေးခဲ့ကြတယ်။ ဒီတင်မြေကွက်ဈေးတွေဟာ တအားကျဆင်းလာတယ်။ စီးပွားရေးလာဘ်မြင်တဲ့လီဟာ အဲဒီဈေးကျနေတဲ့မြေကွက်တွေကို များများပြားပြား ဝယ်ခဲ့တယ်။

သူကံကောင်းချင်တော့ အဲဒီကာလပိုင်းမှာပဲ တရုတ်နိုင်ငံမှာ မော်စီတုန်းယဉ်ကျေးမှုတော်လှန်ရေးကြောင့် တရုတ်နိုင်ငံသားတွေဟာ ဟောင်ကောင်ကို အများအပြားပြေးဝင်လာကြတယ်။ အဲဒီအခါ လီဟာ သူဝယ်ထားတဲ့မြေကွက်တွေပေါ်မှာ အထပ်မြင့်တိုက်တွေတည်၊ တိုက်ခန်းတွေပြန်ရောင်းလုပ်ခဲ့တယ်။ အဲဒီမှာတင် သူဟာ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာအကျိုးအမြတ်ရရှိခဲ့တယ်။ သူဌေးဖြစ်ပြီလို့ပြောရမှာပေါ့။ ၁၉၄၄ ခုနှစ်ဝန်းကျင်က အလုပ်သမားကောင်လေး လီကာရှင်း၊ ၁၉၆၈ ခုနှစ်ဝန်းကျင် သူ့အသက် ၄၀ မှာတော့ သူဌေး လီကာရှင်းဖြစ်ခဲ့ပါတယ်။

ဒါ လီကာရှင်းရဲ့တွေးပုံနဲ့ လုပ်ပုံတွေရဲ့ ရလဒ်ပါပဲ။ တချို့ဆို အသက် ၃၀ ကျော်တာတောင် မည်မည်ရရအလုပ်တစ်ခုခု မလုပ်ကြရသေးဘူး။ ဟိုယောင်ယောင် ဒီယောင်ယောင်လုပ်နေတာ။ တချို့လဲ ချမ်းသာမဲ့အလုပ်မလုပ်တော့ ရတဲ့ငွေနဲ့ သုံးတဲ့ငွေ အတူတူဖြစ်ပြီး ဘာဆိုဘာမှ မတိုးတက်လာဘူး။

လီကာရှင်းကတော့ စာဖတ်တယ်။ ပြီးရင် တွေးတယ်။ လက်တွေ့အပင်ပန်း အဆင်းရဲခံပြီးလုပ်တယ်။ ဒီလိုနဲ့ သူချမ်းသာသွားတာပဲ။

**သူဌေးကြီး ဆက်တွေးပုံ လုပ်ပုံများ**

ဒေါ်လာသန်းပေါင်းများစွာပိုင်ဆိုင်ထားတဲ့ လီဟာ ချမ်းသာသည်ထက် ချမ်းသာအောင် တစိုက်မတ်မတ်လုပ်ခဲ့တယ်။ ၁၉၇၉ ခုနှစ်မှာ ဟောင်ကောင်က ဗြိတိသျှအစိုးရပိုင်တဲ့ (Hutchison Whampon) ကုမ္ပဏီကြီးဟာ အရှုံးနဲ့ရင်ဆိုင်နေရတယ်။ အဲဒီကုမ္ပဏီရဲ့ ပိုင်ဆိုင်မှု ၂၂ ရာခိုင်နှုန်းကိုဈေးသက်သက်သာသာနဲ့ လီက ဝယ်လိုက်တယ်။ အဲဒီအခါ ကုမ္ပဏီရဲ့အကြီးအကဲနေရာ သူရရှိပြီး အဲဒီကုမ္ပဏီပြန်လည်အမြတ်ထွက်လာအောင် သူဝင်လုပ်ခဲ့တယ်။ အဲဒီကုမ္ပဏီက သင်္ဘောကျင်းလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်းတွေလုပ်တဲ့ ကုမ္ပဏီကြီးဖြစ်တယ်။ လီက စီးပွားရေးကျွမ်းကျင်တော့ သူဝင်လုပ်ပြီး ၁၀ နှစ်ကြာတော့ ၁၉၈၉ ခုနှစ်မှာ အဲဒီကုမ္ပဏီဟာ ဟောင်ကောင်မှာ အကျိုးအမြတ်အများဆုံးရတဲ့ ကုမ္ပဏီကြီးဖြစ်ခဲ့တယ်။ သူလဲ ကြီးစွာသော အကျိုးအမြတ်တွေရခဲ့တယ်။

၂၀၀၇ ခုနှစ်မှာလဲ မည်မည်ရရမရှိသေးတဲ့ Facebook ကုမ္ပဏီရဲ့ စတော့ရှယ်ယာဒေါ်လာ သန်း ၁၂၀ ဖိုးဝယ်ခဲ့တယ်။ နောက်ပြီး ရှယ်ယာဈေးသိပ်မကြီးသေးတဲ့ Skype နဲ့ Apple ကမ္ပဏီတွေက စတော့ရှယ်ယာတွေလဲ သန်းချီပြီးဝယ်ခဲ့တယ်။ မကြာခင်မှာပင် စတော့ရှယ်ယာဈေးတွေတက်လာတော့ သူဝယ်ထားတဲ့စတော့ရှယ်ယာတွေထုတ်ရောင်းတာ လီဟာ ဒေါ်လာ ဘီလီယံချီပြီး မြတ်ခဲ့တယ်။ ဒါလီရဲ့ စီးပွားရေးလာဘ်မြင်တတ်မှုနဲ့ ရဲဝံ့စွန့်စားစွာလုပ်တက်မှု၊ လုပ်ရဲမှုရဲ့အကျိုးရလဒ်တွေပါပဲ။

အဲဒီလို တွေးတတ်၊ ခေါ်တတ်၊ လုပ်တတ်တာတွေကြောင့် လီကာရှင်းဟာ ၂၀၁၀ ပြည့်နှစ်ဝန်းကျင်မှာတော့ ဒေါ်လာ ဘီလီယံ ၃၀ ကြွယ်ဝချမ်းသာတဲ့ အာရှမှာ အချမ်းသာဆုံးသူဌေးကြီးဖြစ်ခဲ့ပါတယ်။

ဒါတွေကတော့ သူဌေးကြီး ဘာတွေတွေးပြီး ဘာတွေလုပ်ခဲ့တယ်ဆိုတာပါပဲ။ အတွေးကောင်းသူ၊ အလုပ်ကိုတက်တက်ကြွကြွနဲ့လုပ်တတ်သူ၊ အပင်ပန်းအဆင်းရဲခံလုပ်သူနဲ့ ရဲဝံ့စွန့်စားစွာလုပ်တဲ့အတွက် လီကာရှင်းဟာ အောင်မြင်ရတာပါ။

ဆောင်းပါးအစမှာဖော်ပြခဲ့တဲ့သူတွေ တွေးတာနဲ့ လီကာရှင်းတွေးတာ ဘယ်လောက်ကွာခြားသလဲ တွေ့ရပြီမဟုတ်လား။ အတွေး၊ အလုပ် ကွာသွားတာနဲ့ လူ့ရဲ့အခြေအနေကလဲ အများကြီးကွာသွားတာပါပဲ။

ဒီတော့ သူဌေးကြီးကို စာဖတ်သူတွေ အားမကျဘူးလား၊ သူ့လိုဖြစ်ချင်ရင် သူ့လိုစာဖတ်ပါ။ လောကကို မြင်အောင်ကြည့်ပါ၊ သူ့လိုတွေးပါ၊ သူ့လိုလုပ်ပါလို့ စေတနာနဲ့ပြောကြားအပ်ပါတယ်။ ချစ်လို့ပြောတာပါ၊ သူဌေးတွေဖြစ်ကြစေချင်လွန်းလို့။

မကြာခင် သူဌေးတွေ ဖြစ်ကြပါစေ။

**ကိုးကား**

– **သူတို့ဘာကြောင့် ကမ္ဘာကျော်တာလဲ**

**ဇန်းမော်သိန်းဇေ**

# မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့ကြား ရေထွက်ကုန်၊ လယ်ယာထွက်ကုန်ပစ္စည်းများ တိုက်ရိုက်တင်ပို့ခြင်းအပါအဝင် ကုန်သွယ်ရေးကဏ္ဍနှင့် ခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်မည်



**ရန်ကုန် မတ် ၃၁**

မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့ကြား ရေထွက်ကုန်၊ လယ်ယာထွက်ကုန်ပစ္စည်းများ တိုက်ရိုက်တင်ပို့ခြင်းအပါအဝင် ကုန်သွယ်ရေးကဏ္ဍနှင့် ခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်ထံမှ သိရသည်။

မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့ကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မှုအရ နှစ်နိုင်ငံ ကုန်သွယ်မှုကဏ္ဍမြှင့်တင်သည့်အနေဖြင့် မြန်မာ့ရေထွက်ကုန်ပစ္စည်းများနှင့် လယ်ယာထွက်ကုန်ဖြစ်သည့်ပဲမျိုးစုံတိုက်ရိုက်တင်ပို့ နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ခရီးသွားကဏ္ဍအနေဖြင့် မြန်မာ-နီပေါခရီးသွားများကို အပြန်အလှန်လည်ပတ်သည့် ခရီးစဉ်သစ်များ ဖော်ဆောင်ရန်၊ လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲရန်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မတ် ၂၈ ရက်နဲ့ ၂၉ ရက်မှာ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးနဲ့ စီးပွားရေးသံမှူးတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ UMFCCI မှာ UMFCCI က ဥက္ကဋ္ဌနဲ့ ဗဟိုအလုပ်အမှုဆောင်တွေ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ကြပါတယ်။ ဆက်လက်ပြီးတော့ အွန်လိုင်းကကော အသင်းချုပ်မှာပါ ရေထွက်ကုန်နဲ့ ပဲမျိုးစုံတိုက်ရိုက်တင်ပို့ရေးကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်ရေးအပြင် ခရီးသွားလုပ်ငန်းကဏ္ဍအနေနဲ့လဲ နှစ်နိုင်ငံခရီးသွားတွေ အပြန်အလှန်စေလွှတ်လည်ပတ်ရေး၊ ရန်ကုန်-လုမ္ဗိနီ၊ မန္တလေး-လုမ္ဗိနီတိုက်ရိုက်လေကြောင်း ပျံသန်းပြေးဆွဲဖို့လဲ စီစဉ်ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ဒေါ်ခိုင်ခိုင်နွယ်က ပြောပြသည်။

မြန်မာခရီးသွားများအနေဖြင့် နီပေါနိုင်ငံရှိ လုမ္ဗိနီဒေသသို့ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်အနေဖြင့် နှစ်စဉ်သွားရောက်လျက်ရှိပြီး ယခုနှစ်တွင် သွားရောက်သူဘုရားဖူးအရေအတွက် များပြားလျက်ရှိသည့်အတွက် ခရီးသွားဝင်ရောက်မှုမြှင့်တင်သည့်အနေဖြင့် ရန်ကုန်-လုမ္ဗိနီ၊ မန္တလေး-လုမ္ဗိနီတိုက်ရိုက်လေကြောင်းလိုင်းကို ပျံသန်းပြေးဆွဲရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

ASH

# ဥတ္တရသီရိမြို့နယ် ကျွဲရှင်းကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် မတ် ၃၁**

နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျွဲရှင်းကျေးရွာ၌ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမျိုး၊ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးတင်မောင်အေး၊ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်းနှင့်မြို့နယ်တာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျွဲရှင်းကျေးရွာ၌ ဆီထွက်သီးနှံတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမျိုးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရန် ဆွေးနွေးမှာကြားသည်။

ကျွဲရှင်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဆိုလာတပ်ဆင်ခြင်းနှင့် ရေမြှုပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၈ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများစုဖွဲ့က ယခုလတတိယပတ်က စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ကျွဲရှင်းကျေးရွာ၌ ရေရရှိရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၆၉ အိမ်၊ လူ ၁၂၆၇ ဦးတို့အတွက် အကျိုးပြုနိုင်မည်ဖြစ်ပြီး နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးလာနိုင်မည်ဖြစ်ကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သုသု**

# ရသေ့တောင်မြို့နယ် ကျေးရွာနှစ်ရွာကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ရသေ့တောင် မတ် ၃၁**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျေးရွာနှစ်ရွာကို ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းထက်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေးကဏ္ဍများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ မျိုးစေ့ကောင်းရန်၊ ရေရရှိရန်၊ ရေကိုချွေတာရန် ခေတ်မီနည်းပညာများ လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရသေ့တောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေးဆောင်ရွက်ကြမည့် မင်းဖူးကျေးရွာနှင့် ခနောင်းကြီးကျေးရွာမှ ကြီးကြပ်မှု ကော်မတီဝင်များထံ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၆၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၀၈)

# မချမ်းဘော့မြို့နယ် ဆင်လွမ်ဒမ်း(၁)ကျေးရွာ၌ CFW စီမံကိန်းလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**မချမ်းဘော့ မတ် ၃၁**

ကချင်ပြည်နယ် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်လွမ်ဒမ်း (၁)ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် Cash For Work(CFW) စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မချမ်းဘော့မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်အဖွဲ့ဝင်များ၊ မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့် ဝန်ထမ်းများက ဆင်လွမ်ဒမ်း(၁)ကျေးရွာ၌ ဇင်လုန်ခန်းမဆောင် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းနှင့် ဆရာ၊ ဆရာမများ နေအိမ် ပျဉ်းခင်း၊ ပျဉ်ကာ သွပ်မိုး တစ်ထပ်ဆောင် လေးခန်းတွဲ ပညာရေးဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မချမ်းဘော့မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက Cash For Work စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

မချမ်းဘော့မြို့နယ် ဆင်လွမ်ဒမ်း (၁)ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် Cash For Work စီမံကိန်း လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ကျေးရွာသားများက Cash For Work စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၉ ဒသမ ၈ သန်း အကုန်အကျခံကာ မတ် ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း မချမ်းဘော့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်က ပြောပြ၍ သိရသည်။ **မင်းမြင့်မိုရ်**

# ကဝမြို့နယ် အင်းဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကဝ မတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ ဆင်းရဲမှုလျော့ကျလာစေရန်ရည်ရွယ်၍ အင်းဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် ဝန်ထမ်းများက အင်းဝကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ အသင်းသား၊ အသင်းသူများ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကဝမြို့နယ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ စီမံကိန်းစက်ဝန်း သတ်မှတ်ချက်များ အတိုးနှုန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့များက အင်းဝကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၁၉၀ ကို ငွေကျပ် ၄၅ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**



# မရမ်းကုန်းမြို့နယ်ရှိ ဗိဿနိုးပန်းချီပြခန်းတွင် နိုင်ငံခြားပန်းချီဆရာ ၂၅ ဦး၏ International Art Exhibition 2023 ပြပွဲ ပြသသွားမည်



**ရန်ကုန် မတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဗိဿနိုးပန်းချီပြခန်းတွင် နိုင်ငံ ၁၀ နိုင်ငံမှ နိုင်ငံခြားပန်းချီဆရာ ၂၅ ဦး၏ International Art Exhibition 2023 ကို ဧပြီ ၁ ရက်မှ မေ ၃၁ ရက်ထိ ပြသပေးသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းပိုင်ရှင် ပန်းချီ ဗိဿနိုး တင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ International Art Exhibition 2023 တွင် အမေရိကန်၊ ဗြိတိန်၊ ဂျပန်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ တရုတ် (တိုင်ပေ)၊ ဟောင်ကောင်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့မှ ပန်းချီဆရာ ၂၅ ဦး၏ လက်ရာ ပန်းချီကား ၅၀ ကို ပြပွဲသက်သက်အဖြစ် ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံပေါင်း ၁၀ နိုင်ငံက ပန်းချီဆရာ ၂၅ ယောက်ရဲ့ပြပွဲပါ။ မြောက်ကိုရီးယား ပန်းချီဆရာကြီး တစ်ယောက်ကလွဲပြီး ကျန်နိုင်ငံတွေက ပန်းချီဆရာတွေအားလုံးဟာ မြန်မာနိုင်ငံကို ရောက်ဖူးကြပါတယ်။ ဒါကြောင့် သူတို့အမြင်နဲ့ မြန်မာနိုင်ငံရဲ့ ရေမြေတောတောင် သဘာဝရှုခင်းတွေ၊ တိုင်းရင်းသားပုံတွေ၊ အခြား သူတို့ရဲ့ ကိုယ်ပိုင်အတွေးအမြင်နဲ့ ပန်းချီကားတွေ အစုံပါဝင်ပါတယ်။ ပန်းချီဆရာအားလုံးဟာလဲ သူတို့နိုင်ငံအသီးသီးမှာ ထင်ပေါ်ကျော်ကြားပြီး ထူးချွန်ထက်မြက်တဲ့ ပန်းချီဆရာတွေဖြစ်ပါတယ်"ဟု ပန်းချီ ဗိဿနိုးတင်ဝင်းက ပြောပြသည်။

International Art Exhibition 2023 ပန်းချီပြပွဲကို ဧပြီ ၁ ရက်မှ မေ ၃၁ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ပြသပေးသွားမည်ဖြစ်ပြီး အွန်လိုင်းမှလည်း လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄ × ၂၄) လက်မ၊ (၁၈ × ၂၄) လက်မ၊ (၁၈ × ၁၈) လက်မ စသည့် အရွယ်အစားစုံ ပန်းချီကားများ ပါဝင်ပြီး ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံပန်းချီလက်ရာများကို ရှုမြင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ ASH

# Deadpool-3 ဇာတ်ကား၌ မင်းသား မက်သရူးမက်ဖာဒင်း ပါဝင်မည်

**နယူးယောက် မတ် ၃၁**

Deadpool-3 ဇာတ်ကား၌ မင်းသား မက်သရူးမက်ဖာဒင်းလည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မတ် ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

Deadpool-3 ဇာတ်ကားတွင် မင်းသား မက်ဖာဒင်းသည် မင်းသား ရိုင်ယန်ရေးနိုး၊ ဟက်ဂျက်မင်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဇာတ်ကား၌ မင်းသားမက်ဖာဒင်း ရယူထားသော ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

Deadpool-3 ဇာတ်ကားတွင် မင်းသား ရိုင်ယန်ရေးနိုးက Deadpool ဇာတ်ကောင်အဖြစ်၊ မင်းသား ဟက်ဂျက်မင်းက Wolverine အဖြစ် သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

Deadpool-3 ဇာတ်ကားကို ဒါရိုက်တာ ရှောင်လီဗိုင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ရိုက်ကူးရေးလုပ်ငန်းများကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ယခုနှစ် နွေကာလအတွင်း စတင်ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။ KKO



# မန္တလေးမြို့ရှိ ဝင်းလိုက်ရုပ်ရှင်ရုံနှင့် မစိုးရိမ်ရုပ်ရှင်ရုံတို့အပါအဝင် ရုပ်ရှင်ရုံများကို သင်္ကြန်အကြိုနေ့ထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်

**မန္တလေး မတ် ၃၁**

မန္တလေးမြို့ရှိ ဝင်းလိုက်ရုပ်ရှင်ရုံနှင့် မစိုးရိမ်ရုပ်ရှင်ရုံတို့အပါအဝင် ရုပ်ရှင်ရုံများကို သင်္ကြန်အကြိုနေ့ထိ ဖွင့်လှစ်ပြသပေးသွားမည်ဖြစ်ကြောင်း မင်္ဂလာကုမ္ပဏီမှ မန်နေဂျာ ဦးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့ရှိ ရုပ်ရှင်ချစ်ပရိသတ်များအတွက် ယခုလက်ရှိ ဝင်းလိုက်ရုပ်ရှင်ရုံနှင့် မစိုးရိမ်ရုပ်ရှင်ရုံအပါအဝင် Mingalar Cinema ရုပ်ရှင်ရုံများကို ဖွင့်လှစ်ပြသပေးလျက်ရှိရာ အဆိုပါရုပ်ရှင်ရုံများကို သင်္ကြန်အကြိုနေ့ထိ ပုံမှန်အတိုင်း ဖွင့်လှစ်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မကြာမီရောက်ရှိလာမဲ့ သင်္ကြန်ပွဲတော်ကာလမှာတော့ ရုပ်ရှင်ရုံတွေကို သင်္ကြန်အကြိုနေ့ထိဖွင့်လှစ်ပြသပေးသွားမှာပါ။ သင်္ကြန်အကျနေ့ကနေစပြီးတော့ ရုပ်ရှင်ရုံတွေကို ယာယီပိတ်ထားမှာပါ။ နှစ်ဆန်းတစ်ရက်နေ့ကစပြီးတော့ ရုပ်ရှင်ကြည့်ပရိသတ်တွေအတွက် ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြသပေးသွားမှာပါ"ဟု ဦးဝင်းက ပြောပြသည်။



မန္တလေးမြို့ရှိ ဝင်းလိုက်ရုပ်ရှင်ရုံ၊ မစိုးရိမ်ရုပ်ရှင်ရုံ၊ Mingalar Cinema ရုပ်ရှင်ရုံများကို ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့ထိ ဖွင့်လှစ်ပြသပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းရုပ်ရှင်ရုံများကို ဧပြီ ၁၄ ရက် (သင်္ကြန်အကျနေ့)၊ ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်နေ့)၊ ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)ထိ ယာယီပိတ်ထားမည်ဖြစ်ပြီး ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)မှစ၍ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၄)

# Thaw ထိတ်လန့်သည်းဖိုဇာတ်ကားကို ဒါရိုက်တာ လီကရိုနင်က ရိုက်ကူးမည်

**နယူးယောက် မတ် ၃၁**

New Line ရုပ်ရှင်စတူဒီယို၏ Thaw အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားကို ဒါရိုက်တာ လီကရိုနင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က မတ် ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

ဒါရိုက်တာ ကရိုနင်သည် Evil Dead ဇာတ်ကားတွဲ၏ ပဉ္စမမြောက်ဇာတ်ကားဖြစ်သော Evil Dead Rise ဇာတ်ကားကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

ဒါရိုက်တာ ကရိုနင်သည် Thaw ဇာတ်ကားအတွက် ဇာတ်ညွှန်းကိုလည်း တာဝန်ယူရေးသားမည်ဖြစ်ကြောင်း သိရသည်။

Thaw ဇာတ်ကားသည် ဝင်ရိုးစွန်းရေခဲပြင်များ အရည်ပျော်ချိန်တွင် အသက်ရှင်ရပ်တည်နိုင်မည့် နေရာသစ်ကို ရှာဖွေရန် ကြိုးစားသူတစ်စု၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် Thaw ဇာတ်ကား၌ ပါဝင်မည့်သရုပ်ဆောင်များကို New Line စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ဒါရိုက်တာ ကရိုနင်၏ Evil Dead Rise ဇာတ်ကားကို ယခုနှစ် ဧပြီလအတွင်း ရုံတင်မည်ဖြစ်ကြောင်း သိရသည်။ KKO



# မှော်ဘီမြို့နယ် မြတ်ဆုပန်(အောင်လံ)သီလရှင်စာသင်တိုက်သို့ သရုပ်ဆောင် ခန့်စည်သူနှင့် အလှူရှင်များက ငွေကျပ် ၂၅ သိန်းလှူဒါန်း

**ရန်ကုန် မတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ မြတ်ဆုပန်(အောင်လံ) သီလရှင်စာသင်တိုက်သို့ သရုပ်ဆောင် ခန့်စည်သူနှင့် စေတနာရှင်၊ အလှူရှင်များက ငွေကျပ် ၂၅ သိန်း လှူဒါန်းခြင်းကို မတ် ၃၀ ရက်က အဆိုပါ မြတ်ဆုပန်(အောင်လံ) သီလရှင်စာသင်တိုက်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် ခန့်စည်သူနှင့် စေတနာရှင်၊ အလှူရှင်များက မြတ်ဆုပန်(အောင်လံ) သီလရှင်စာသင်တိုက်အတွင်း ဆောက်လုပ်နေဆဲဖြစ်သော အလျား ၂၅ ပေ၊ အနံ ၁၅ ပေရှိ ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ် ၂၅ သိန်းကို လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

"ရန်ကုန် မှော်ဘီမှာရှိတဲ့ မြတ်ဆုပန်(အောင်လံ) သီလရှင်စာသင်တိုက်ကြီးအတွင်းမှာ တည်ဆောက်နေတဲ့ ကျောင်းဆောင်သစ်အတွက် ကျွန်တော်နဲ့ စေတနာရှင်၊ အလှူရှင်တွေက စုပေါင်းလှူဒါန်းကြတာ ဖြစ်ပါတယ်"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။

ထိုသို့ မြတ်ဆုပန် (အောင်လံ) သီလရှင်စာသင်တိုက်ကြီးအတွင်း တည်ဆောက်နေသည့် ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ် ၂၅ သိန်းလှူဒါန်းရာတွင် သရုပ်ဆောင် ခန့်စည်သူနှင့်အတူ သရုပ်ဆောင် အောင်ခိုင်၊ သရုပ်ဆောင် ဝါဝါအောင်၊ သရုပ်ဆောင် ဆောင်းယွန်းစံတို့လည်း ပါဝင်ကူသိုလ်ယူကြကြောင်း သိရသည်။ ASH

# တနင်္ဂနွေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက တိုက်စစ်ပိုင်းထက်မြက်နေတဲ့ မန်ယူ၊ နာပိုလီ၊ အေတီကိုအသင်းတို့ကို အားပေးရမှာပါ



ဒီတစ်ပတ် တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေမှာ ခြေရည်တူအသင်းနဲ့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေရှိနေတာကြောင့် အကြိုက်အနယ်ရှိလာဖို့မှာပါ။ ပြီးခဲ့တဲ့ရက်သတ္တပတ်မှာတော့ အမှတ်ပေးပြိုင်ပွဲတွေ ရပ်နားထားပြီး နိုင်ငံတကာပွဲတွေကျင်းပခဲ့တာကြောင့် ကစားသမားတွေ အနေနဲ့ ကလပ်အသင်းနဲ့ ပူးပေါင်းချိန်မှာ ဒဏ်ရာရပွဲပယ်တွေရှိနေတာကို သတိပြုရမှာပါ။ ဒါကြောင့် တနင်္ဂနွေနေ့ညမှာကစားမဲ့ပွဲစဉ်တွေကိုတော့ သတိထားချဉ်းကပ်ရမှာဖြစ်လို့ အိမ်ကွင်းအားသာချက်နဲ့ တိုက်စစ်ပိုင်း ထက်မြက်တဲ့အသင်းတွေကိုပဲ ဆက်လက်အားပေးရမှာဖြစ်ပါတယ်။

### မန်ယူအသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ နယူးကာဆယ်နဲ့ မန်ယူအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တာကတော့ ပြီးခဲ့တဲ့ဖေဖော်ဝါရီလက ကာရာဘောင်းဖလားဗိုလ်လုပွဲစဉ်မှာဖြစ်ပြီး မန်ယူအသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ နယူးကာဆယ်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာရခဲ့ပေမဲ့ ထိရောက်တဲ့ ဂိုးပေါက်ကန်သွင်းမှုကိုတော့ မန်ယူအသင်းကပဲ ပြုလုပ်နိုင်ခဲ့တာကြောင့် ကက်စမဲရိုး၊ ရက်ရှ်ဖို့ဒ်တို့ရဲ့သွင်းဂိုးနဲ့ ချန်ပီယံဆုရရှိခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာတော့ နယူးကာဆယ်အသင်းဟာ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံးထားသလို အသင်းကြီးတွေနဲ့ ကစားခဲ့ရတဲ့ မန်စီးတီး၊ မန်ယူ၊ လီဗာပူးတို့ကိုဂိုးပြတ်ရှုံးခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပွဲစဉ် ၂၆ ပွဲအပြီးမှာ ရမှတ် ၄၇ မှတ်နဲ့ အဆင့်(၅) မှာ ရပ်တည်နေပေမဲ့ အဆင့်(၃)က မန်ယူနဲ့ ရမှတ်သုံးမှတ်ပဲကွာဟနေတာကြောင့် အခုပွဲစဉ်ဟာ နှစ်သင်းစလုံးအတွက် အရေးကြီးနေတာကို သတိပြုရမှာပါ။

မန်ယူအသင်းဟာ အမှတ်ပေးပွဲမှာ လီဗာပူးကို ခုနစ်ဂိုးပြတ်ရှုံးနိမ့်ပြီး နောက်ပိုင်းရလဒ်ကောင်းဖို့ ရုန်းကန်နေရတယ်ဆိုပေမဲ့ တိုက်စစ်ကစားပုံ ထက်မြက်နေတာကို တွေ့ရမှာပါ။ ဒါ့ပြင် ယူရိုပါလိဂ်၊ အက်ဖ်အေဖလား ပြိုင်ပွဲတွေမှာ ဂိုးပြတ်နိုင်ပွဲတွေရရှိခဲ့ပြီး နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့တာလဲဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ကက်စမဲရိုးနဲ့ အဲရစ်ဆင်တို့ဒဏ်ရာရပွဲပယ်တွေကြောင့် မပါနိုင်ပေမဲ့ ဖာဘစ်ဆာ၊ တွန်မနေးတို့က အသင်းရဲ့ကွင်းလယ်ကိုထိန်းပြီး ဖာနန်ဒက်စ်၊ ဆန်ချို၊ ရက်ရှ်ဖို့ဒ်တို့ရဲ့စွမ်းဆောင်ရည်တွေနဲ့ နိုင်ပွဲတွေ ရရှိနေတာဖြစ်ပါတယ်။ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကလဲ အခုနှစ်အတွင်း ကစားခဲ့တဲ့ပွဲတွေမှာ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေပြီး သွင်းဂိုး ၁၄ ဂိုးထိ ရရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ရက်ရှ်ဖို့ဒ်အနေနဲ့ ကြွခိုင်မှုအားနည်းနေပြီး အခုပွဲစဉ်မှာပါဝင်ဖို့ မသေချာတာကြောင့် နည်းပြတန်ဟတ်အနေနဲ့ ဘယ်ကစားသမားနဲ့ အစားထိုးမလဲဆိုတာ စိတ်ဝင်စားစရာပါ။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ၂၅ ကြိမ်မှာတော့ မန်ယူက ၁၅ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ လေးပွဲသာရှုံးခဲ့ပြီး နောက်ဆုံးအဝေးကွင်း လေးကြိမ်မှာလဲ မန်ယူအသင်းကပဲ အသာရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်ကစားပုံထက်မြက်နေပြီး တွေ့ဆုံမှုအစဉ်အလာမှာ အသာရနေတဲ့ မန်ယူအသင်းပဲ အားပေးရမှာပါ။

### နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၀ | - | ၂ | လီဗာပူး |
| မန်ယူ | ၂ | - | ၀ | နယူးကာဆယ် |
| မန်စီးတီး | ၂ | - | ၀ | နယူးကာဆယ် |
| နယူးကာဆယ် | ၂ | - | ၁ | ဝုဗ် |
| နော်တင်ဟမ် | ၁ | - | ၂ | နယူးကာဆယ် |

### မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၇ | - | ၀ | မန်ယူ |
| မန်ယူ | ၄ | - | ၁ | ဘက်တစ် |
| မန်ယူ | ၀ | - | ၀ | ဆောက်သမ်တန် |
| ဘက်တစ် | ၀ | - | ၁ | မန်ယူ |
| မန်ယူ | ၃ | - | ၁ | ဖူလ်ဟမ် |

### နာပိုလီအသင်း အနိုင်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ နာပိုလီနဲ့ အေစီမီလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နာပိုလီအသင်းဟာ ဥရောပကလပ်အသင်းတွေထဲမှာ ခြေစွမ်းပိုင်းအကောင်းဆုံးအသင်းဖြစ်နေသလို ပြီးခဲ့တဲ့တိုရီနိုနဲ့ အဝေးကွင်းပွဲစဉ်မှာလဲ လေးဂိုးပြတ်နဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ ဒါ့ပြင် နာပိုလီရဲ့ကစားပုံဟာ အီတလီအသင်းတွေထဲမှာထူးခြားနေပြီး ခံစစ်အားမပြုဘဲ တိုက်စစ်ကိုသာ အသားပေးကစားနေတာကြောင့် နာပိုလီပွဲတွေဟာ ပြိုင်ဆိုင်မှုပြင်းထန်တာကို တွေ့ရမှာပါ။ နာပိုလီအသင်းဟာ အခုရာသီအပြောင်းအရွှေ့မှာ ဖေဘီယန်ရှဂ်၊ မားတန့်စ်၊ ကူလီဘာလေတို့လို အဓိက ကစားသမားတွေကို လက်လွှတ်လိုက်ရပေမဲ့ အသစ်ခေါ်ယူလိုက်တဲ့ ကဗာရက်ရှီလီယာ၊ ရှက်စပါဒိုရီ၊ ဆီမြွန်နီ၊ ကင်မင်ဂျေး၊ အန်ဂစ်ဆာတို့က ထိပ်တန်းအဆင့် ခြေစွမ်းမျိုးတွေရှိနေတာကြောင့် အောင်မြင်မှုတွေရရှိနေတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ ကိုပါအီတာလီယာဖလားပွဲကထွက်ခွာခဲ့ရပေမဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ ကွာတားဖိုင်နယ်အဆင့်ထိတက်ရောက်ခဲ့ပြီး အေစီမီလန်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပါတယ်။ လက်ရှိအမှတ်ပေးပွဲမှာလဲ အေစီမီလန်နဲ့ တွေ့ဆုံနေပေမဲ့ သူတို့နှစ်သင်းမှာ ခြေစွမ်းပိုင်းကွာခြားချက်များနေသလို နာပိုလီဟာ ၂၀၂၁ ခုနှစ်နောက်ပိုင်းကစလို့ အေစီမီလန်နဲ့ တွေ့ဆုံတိုင်း အသာရခဲ့တာကိုတွေ့ရမှာပါ။

လက်ရှိ ချန်ပီယံအေစီမီလန်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲပဲအနိုင်ရခဲ့ပြီး နှစ်ပွဲရှုံး၊ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးသုံးပွဲစလုံးမှာလဲ ဖီအိုရင်တီးနားကို နှစ်ဂိုးတစ်ဂိုး၊ အူဒီးနီးစ်အသင်းကို သုံးဂိုးတစ်ဂိုး၊ ဆလာနီတာနာကို တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ အေစီမီလန်ရဲ့အဝေးကွင်းကစားပုံမှာ ခံစစ်ပိုင်းအားနည်းချက်နဲ့ ကစားကွက်ပိုင်းအားနည်းချက်တွေကြောင့် ပေးဂိုးများနေပြီး ၁၄ ပွဲမှာ ၁၉ မှတ်ပဲရရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြ ပိုင်အိုလီကတော့ တိုက်စစ်ကစားသမားတွေ ဂိုးသွင်းအားကျဆင်းနေတဲ့အချိန်မှာ အသင်းကြီးတွေနဲ့ဆုံရင် ခံစစ်ပိုင်းအားပြုကစားပြီး ရမှတ်ခွဲယူဖို့ ကြိုးစားနေတာကို တွေ့ရမှာပါ။

အခုပွဲစဉ်မှာလဲ နှစ်သင်းစလုံးအဓိကကစားသမားအစုံအလင်ပါဝင်နိုင်ပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ တိုက်စစ်ပိုင်းမှာတော့ နာပိုလီအသင်းက အသာရနေတာဖြစ်ပါတယ်။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ တိုက်စစ်ပိုင်း ထက်မြက်နေတဲ့ နာပိုလီပဲ အနိုင်ရမှာပါ။

### နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | ၀ | - | ၂ | နာပိုလီ |
| နာပိုလီ | ၀ | - | ၁ | လာဇီယို |
| နာပိုလီ | ၀ | - | ၂ | အတ္တလန်တာ |
| နာပိုလီ | ၃ | - | ၀ | ဖရန့်ဖတ် |
| တိုရီနို | ၀ | - | ၄ | နာပိုလီ |

### အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အေစီမီလန် | ၂ | - | ၀ | အတ္တလန်တာ |
| ဖီအိုရင်တီးနား | ၂ | - | ၁ | အေစီမီလန် |
| စပါး | ၀ | - | ၀ | အေစီမီလန် |
| အေစီမီလန် | ၁ | - | ၁ | ဆလာနီတာနာ |
| အူဒီးနီးစ် | ၃ | - | ၁ | အေစီမီလန် |

### အေတီကိုအသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အေတီကိုနဲ့ ဘက်တစ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အေတီကိုအသင်းဟာ အခုရာသီမှာ ပြည်တွင်းဖလားပြိုင်ပွဲနဲ့ ဥရောပပြိုင်ပွဲတွေက စောစီးစွာထွက်ခွာခဲ့ရတာကြောင့် အမှတ်ပေးပြိုင်ပွဲကိုသာ အာရုံစိုက်ကစားနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၂၆ ပွဲကစားအပြီးမှာ ရမှတ် ၅၁ မှတ်ထိရရှိခဲ့တာကြောင့် အဆင့် (၃) မှာရောက်ရှိနေပေမဲ့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မသေချာသေးတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာရလဒ်ကောင်းဖို့ ကြိုးစားနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အမှတ်ပေးပြိုင်ပွဲ ၁၀ ပွဲဆက်ရှုံးပွဲမရှိခဲ့သလို ဘီလ်ဘာအို၊ ဗလင်စီယာ၊ ဆီဗီလာတို့လို အသင်းတွေကိုလဲ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ နည်းပြဆီမြွန်နီဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ကွင်းလယ်အသားပေးကစားလာတာကြောင့် ခံစစ်ပိုင်းတည်ငြိမ်လာသလို တိုက်စစ်ကလဲ ဂရစ်မန်း၊ ဒီပေး၊ မိုရာတာတို့က အဓိကအနိုင်ဂိုးတွေ သွင်းယူပေးနိုင်ခဲ့လို့ ရလဒ်ကောင်းနေတာကို သတိပြုရမှာပါ။ သူတို့နှစ်သင်း နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုခုနစ်ကြိမ်မှာလဲ အေတီကိုအသင်းကပဲ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။

ဘက်တစ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ ရလဒ်ပိုင်းကျဆင်းနေတာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာလဲ အဝေးကွင်းခံစစ်ပိုင်းအားနည်းချက်တွေကြောင့် ပေးဂိုးတွေများခဲ့ပြီး နိုင်ပွဲပျောက်ဆုံးခဲ့တာဖြစ်ပါတယ်။ ဘက်တစ်အသင်းဟာ အခုရာသီအမှတ်ပေးပြိုင်ပွဲမှာ ရမှတ် ၄၅ မှတ်နဲ့ အဆင့်(၅) မှာရောက်ရှိနေပေမဲ့ အဆင့်(၆) က ဗီလာရီးရဲလ်နဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေသလို အဆင့်(၄) က ဆိုစီဒက်နဲ့လဲ ရမှတ် သုံးမှတ်သာကွာဟနေတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းရဲ့တိုက်စစ်ကိုဦးဆောင်နေတဲ့ အီဂယ်စီယက်စ်၊ ဂျူအန်မီ၊ ကာနယ်လက်စ်တို့ ဂိုးသွင်းခြေစွမ်းကျဆင်းလာချိန်မှာတော့ ရလဒ်ကျဆင်းသွားခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာ သူတို့အသင်းရဲ့ ဂိုးသွင်းအများဆုံး ကစားသမား အီဂယ်စီယက်စ်ဟာ ပုံမှန်ခြေစွမ်းပျောက်ဆုံးနေတာကြောင့် ဘက်တစ်ရဲ့ တိုက်စစ်ပိုင်းအားနည်းသွားတာကို သတိပြုရမှာပါ။ ဒါ့ပြင် အမှတ်ပေးပွဲအဝေးကွင်း ၁၃ ပွဲမှာလဲ ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်းကောင်းတဲ့အသင်းတွေကိုတော့ အဝေးကွင်းမှာရလဒ်ကောင်းဖို့ ခက်ခဲခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ ဘက်တစ်အသင်းရဲ့ အဓိကကစားသမား ဖက်ကီယာ၊ ကာနယ်လက်စ်၊ ဖီလစ်ပီတို့ ဒဏ်ရာရပွဲပယ်တွေကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ ကစားကွက်ပိုင်းအားနည်းသွားမှာဖြစ်ပြီး အေတီကိုရဲ့တိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့ အေတီကိုအသင်းကိုပဲ ရွေးချယ်ရမှာပါ။

### အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အေတီကို | ၁ | - | ၀ | ဘီလ်ဘာအို |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၁ | အေတီကို |
| အေတီကို | ၆ | - | ၁ | ဆီဗီလာ |
| ဂျီရိုနာ | ၀ | - | ၁ | အေတီကို |
| အေတီကို | ၃ | - | ၀ | ဗလင်စီယာ |

### ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၀ | - | ၀ | ရီးရဲလ်မက်ဒရစ် |
| မန်ယူ | ၄ | - | ၁ | ဘက်တစ် |
| ဗီလာရီးရဲလ် | ၁ | - | ၁ | ဘက်တစ် |
| ဘက်တစ် | ၀ | - | ၁ | မန်ယူ |
| ဘက်တစ် | ၁ | - | ၀ | မာယော့ကာ |

# ဘိုကလေးမြို့နယ်တွင် ဓနိဝယ်ယူမှုအားကောင်းလာသဖြင့် လုပ်ငန်းရှင်များနှင့် လုပ်သားများ အဆင်ပြေ



**ဘိုကလေး မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ဒေသထွက်ကုန်တစ်ခုဖြစ်သည့်ဓနိများ ယခုလအတွင်း ဝယ်ယူမှု အားကောင်းလာသဖြင့် ဓနိလုပ်ငန်းရှင်များနှင့် ဓနိထိုးသားများအဆင်ပြေနေကြောင်း ဘိုကလေးမြို့နယ် ဓနိရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးသက်ခိုင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက တစ်ရက်လျှင် ဓနိချပ်ရေ ၄၀၀၀ မှ ၇၀၀၀ ထိသာ ဝယ်ယူမှုရှိခဲ့ပြီး ယခုလပထမပတ်မှစ၍ ယနေ့ထိ တစ်ရက်လျှင် ဓနိအချပ်ရေ ၇၀၀၀၀ မှ ၁၂၀၀၀၀ ထိ ဝယ်ယူမှုအားကောင်းလာကြောင်း၊ အဆိုပါ ဓနိချပ်များ ဝယ်ယူမှုအားကောင်းလာခြင်းသည် ကျေးလက်ဒေသများတွင် မိုးစပါး မစိုက်မီ လယ်ယာလုပ်ငန်းမဝင်ချိန် နေအိမ်များ၊ လယ်စောင့်တဲများကို ပြန်လည်ပြုပြင် တည်ဆောက်လာခြင်း၊ မြို့ပေါ်များတွင် ပွဲရုံများ၊ ခရီးသွားဒေသများတွင် တည်းခိုနားနေခန်းများ တည်ဆောက်လာခြင်းကြောင့် ဓနိဝယ်ယူမှုအားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ဓနိဝယ်ယူမှုအားကောင်းတော့ ဓနိထုတ်လုပ်သူတွေအပြင် ဓနိထိုးလုပ်သားတွေပါ အဆင်ပြေလာတယ်။ ဓနိချပ်တွေရဲ့ရောင်းအားက အရင်လတွေထက် အခုလက ရောင်းအား ပိုတက်လာပါတယ်။ တစ်နေ့ကို ဓနိချပ်ရေ ၁၂၀၀၀၀ ထိ ရောင်းအားကောင်းနေပါတယ်။ ဝယ်လိုအား ကောင်းနေတဲ့အပြင် ဈေးကောင်းပါရနေတာပါ။ အခုဓနိပေါ်ကာလမှာ ဈေးကောင်းကလဲရ၊ ဝယ်ယူမှုအားကလဲကောင်းတော့ လုပ်ငန်းရှင်တွေကော လုပ်သားတွေကော အဆင်ပြေပါတယ်"ဟု ဘိုကလေးမြို့နယ်ရှိ ဓနိရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးသက်ခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဓနိလုပ်ငန်းရှင် ၁၀၄ ဦးက လုပ်ကိုင်ခြင်းဖြစ်ကြောင်း၊ ယခင်က ဓနိချပ် ၁၀၀ လျှင်ငွေကျပ် ၇၅၀၀ ထိသာ ဈေးရှိပြီး ယခုအခါ ဓနိချပ် ၁၀၀ လျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ ဓနိများဈေးကောင်းလာခြင်း၊ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် ဓနိချပ်ခုတ်လုပ်သားတစ်ဦး တစ်ရက်လျှင် ငွေကျပ် ၇၀၀၀ နှင့် ဓနိထိုးလုပ်သားအမျိုးသမီးတစ်ဦးလျှင် တစ်ရက်လုပ်အားခငွေကျပ် ၆၀၀၀ ထိ ငွေရှာလုပ်ကိုင်ရကြောင်း သိရသည်။

"ဒေသမှာ ဓနိထိုးလုပ်ငန်းက ဒေသခံတွေအတွက် အဓိကလုပ်ငန်းတစ်ခုပါ။ အမျိုးသမီးတွေကဓနိထိုးလုပ်ငန်းကိုအများဆုံးလုပ်ကိုင်ကြပါတယ်။ နေ့စားနဲ့လုပ်တာများပါတယ်။ တစ်ရက်ကိုငွေကျပ် ၆၀၀၀ ထိဈေးရပါတယ်။ အခုဓနိဝယ်ယူမှု အားကောင်းလာတာကြောင့် လုပ်ငန်းရှင်တွေကော၊ လုပ်သားတွေပါ အဆင်ပြေနေပါတယ်"ဟု ဘိုကလေးမြို့မှ ဓနိထိုးလုပ်သား ဒေါ်သက်စုက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဝေါမြို့နယ် ကပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝေါ မတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၃၀ ရက်က ကပင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့် ဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ အသင်းသား၊ အသင်းသူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၏ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ ခံစားခွင့်များအကြောင်းရှင်းလင်းပြောကြားသည်။

ထို့နောက် ဝေါမြို့နယ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကပင်ကျေးရွာအုပ်စု ကပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၁၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၃ ဒသမ ၈၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**

စာအုပ်စာပေ လူ့မိတ်ဆွေ






အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

# ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို မြုပ်ပွေးတောက်ပစေပါသည်။

သွားဆရာဝန်များ၏ထောက်ခံချက်ရရှိထားပါသည်။

# DENTOMEC

FDA အမှတ်-1907 PC 0040




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

**ပျောက်ဆုံးကြောင်း**

ပုသိမ်မြို့နေ တောင်းထက်လု(ဘ) ဦးဆန်းဝင်း (၁၄/ပသန(နိုင်)၁၉၆၅၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၇၇၆၀၂၂၈၁

**ပျောက်ဆုံးကြောင်း**

ငပုတောမြို့နယ်နေ ဇော်မင်းမင်း (ဘ) ဦးမောင်လှ (၁၄/ငပတ(နိုင်)၀၉၈၁၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၀၁၁၃၂၃၂

**ပျောက်ဆုံးကြောင်း**

ငပုတောမြို့နယ်နေ [illegible] (ဘ) [illegible] (၁၄/ငပတ(နိုင်)၂၄၆၄၆၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၂၉၃၁၉၃၄

**ပျောက်ဆုံးကြောင်း**

မန္တလေးမြို့နေ ဒေါ်ရင်ရင် (ဘ) ဦးစံမြင့် (၉/မနမ(နိုင်)၀၄၂၅၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

**ပျောက်ဆုံးကြောင်း**

မိုးကုတ်မြို့နေ မကြည်ကြည်ဝင်း (ဘ) ဦးရွှင်ရောက်အယ်(MGK-၀၈၆၃၅၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၅၉၃၉၀၀

မီး သတိပြု

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

မူးယစ်ဆေးဝါး ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ဒေသတွင်း ဆန်ဖူလုံမှုရှိရန်လည်း တစ်ဧကချင်း အထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ Eating Quality ကောင်းမွန်သည့် အထွက်တိုးစပါးများကိုလည်း စိုက်ပျိုးရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ပူတာအိုမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ **စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

